Vol.1., Issue 5

The STRATEGY FIRST Times

December 21, 2015 | ၁၃၇၇ ခုနှစ်နတ်တော်လဆန်း (၁၀) ရက်၊ တနလာနေ့ | နေ့စဉ်တစ်ကြိမ် / Digital Edition

Alibaba ကုမ္ပဏီပိုင်ရှင် Jack Ma

စာ - ၁၀သို့

Jack Ma ဟာ အောင်မြင်မှုလမ်းကြောင်းပေါ်ကိုထူးချွန်စွာရောက်ရှိလာပြီးတော့ တရုတ်နိုင်ငံ အင်တာနက်လုပ်ငန်း ကုမ္ပဏီကြီးဖြစ်တဲ့ Alibaba Group ကို တည်ထောင်သူဖြစ်ပြီး လက်ရှိဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ Ma ကို တရုတ်နိုင်ငံ Zhejiang ပြည်နယ် Hangzhou ဒေသမှာ မွေးဖွားခဲ့ပြီး မိဘများဟာ ရိုးရာဂီတနဲ့စာဆိုတော်တွေ ဖြစ်ပါတယ်။

စာ - ၆သို့

Soul Surfer

ဒီတစ်ပတ် STRATEGY FIRST INSTITUTE ရဲ့ Movie Review ကဏ္ဍမှာ ဖော်ပြမယ့် ဇာတ်ကားကတော့ Soul Surfer ဆိုတဲ့ရုပ်ရှင်ကားဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလမှာ စတင်ထွက်ရှိခဲ့တာဖြစ်ပြီး ဒါရိုက်တာ Sean Mc Namara ရဲ့ဇာတ်ကားကောင်းတစ်ကားဖြစ်ပါတယ်။ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၈ သန်း အကုန်အကျခံရိုက်ကူးခဲ့ပြီးတော့ ရုံတင်ပြသတဲ့အချိန် Box Office မှာ ၄၇ သန်းကျော် ပြန်လည်ရရှိခဲ့ပါတယ်။

ခရစ်စမတ်ပွဲတော်

စာ - ၅သို့

Colorful Monde ဆိုင်ပိုင်ရှင် မဖြူဖြူသန့်နဲ့ တွေ့ဆုံခြင်း

စာ - ၁၄သို့

Caffine ရဲ့ ကောင်းကျိုးများ

စာ - ၇သို့

STRATEGY FIRST မှ ဆရာ၊ ဆရာမများနဲ့ NCC ကျောင်းသား၊ ကျောင်းသူများ ပုဂံသို့ လေ့လာရေးခရီးထွက်

STRATEGY FIRST INSTUTUTE မှ ဆရာ၊ ဆရာမများနဲ့ NCC Batch-1 မှ ကျောင်းသား၊ ကျောင်းသူများ ဒီဇင်ဘာ ၁၄ ရက်တွင် ပုဂံမြို့သို့ လေ့လာရေးခရီးအဖြစ် သွားရောက်ခဲ့ကြပြီး ပုဂံဘုရားသမိုင်းများ၊ ပုဂံ၊ ညောင်ဦးမြို့နယ်ဝန်းကျင်ရှိ ယွန်းထည်လုပ်ငန်း၊ ပုန်းရည်ကြီး လုပ်ငန်း၊ ဟိုတယ် လုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြပါတယ်။ ထိုလုပ်ငန်းများရဲ့လုပ်ငန်းလည်ပတ်ပုံ၊ စီမံခန့်ခွဲမှု ပုံစံများကိုလည်း မေးမြန်းခဲ့ကြပါတယ်။

STRATEGY FIRST LIBRARY

How They Started in Tough Times

ciuLaLumf

ဒီတစ်ပတ် Strategy First libraryကဏ္ဍမှာ မိတ်ဆက်ပေးချင်တဲ့စာအုပ်ကတော့ David Lester and Beth Bishop တို့ရေးသားထားတဲ့ How they started in tough times ဆိုတဲ့ စာအုပ်ကလေးပဲ ဖြစ်ပါတယ်။ လက်ရှိအောင်မြင်နေတဲ့ လုပ်ငန်းတွေ ကျဉ်းထဲကျပ်ထဲမှာ ဘယ်လိုစတင်ဖြစ်ခဲ့ပြီး အခက်အခဲတွေကြားမှာ ဘယ်လိုရှေ့ဆက်နိုင်ခဲ့တယ်ဆိုတဲ့အကြောင်းအရာကို အဓိကရေးထားတာပါ။ ဒီစာအုပ်ကိုရေးသားရာမှာအောင်မြင်နေတဲ့ နာမည်ကြီးလုပ်ငန်းတွေနဲ့ အောင်မြင်ဖို့ အလားအလာရှိတဲ့လုပ်ငန်းတွေရဲ့တည်ထောင်သူတွေကိုတွေ့ဆုံမေးမြန်းထားတာတွေရှိသလို တည်ထောင်သူတွေကို မေးခွန်းမရခဲ့ရင် တိကျတဲ့အဖြေရဖို့အတွက် စနစ်တကျလေ့လာမှုတွေ ပြုလုပ်ပြီး ရေးသားခဲ့ခြင်းဖြစ်ပါတယ်။



စာရေးသူနှစ်ဦးအဆိုအရ စီးပွားပျက်ကပ်တွေမှာ စီးပွားရေးလုပ်ရတာလည်း အကျိုးကျေးဇူးရှိတယ်လို့ဆိုပါတယ်။ ပုံမှန်အားဖြင့်တော့ နိုင်ငံစီးပွားရေးကောင်းရင် ရောင်းသူတွေ အမြတ်ရပြီး စီးပွားရေးကျဆင်းချိန်မှာ အမြတ်ရသူတွေက ဝယ်သူတွေဖြစ်ပြီး ရောင်းသူတွေအတွက်အခြေနေမကောင်းဘူးလို့မြင်စရာရှိပါတယ်။ ဒါပေမဲ့နိုင်ငံစီးပွားရေးကျဆင်းချိန်ဟာ လုပ်ငန်းအသစ်တွေစတင်ဖို့အကောင်းဆုံးအချိန်အခါဖြစ်လို့နေတာတွေ့ရပါတယ်။ ဘယ်သူမှ မလုပ်ရဲတဲ့ ဒီလိုအချိန်မှာ စွန့်ပြီး လုပ်နိုင်ခဲ့တဲ့အတွက် အောင်မြင်ခဲ့တဲ့သာဓကတွေလည်း ရှိပါတယ်။

ဒီစာအုပ်မှာ Walt Disney, Penguin, Microsoft စတဲ့ လုပ်ငန်းတွေအပြင် ကုမ္ပဏီပေါင်း ၂၅ ခုရဲ့စတင်ဖြစ်ခဲ့ပုံ၊ ရင်ဆိုင်ကြုံတွေ့ရတဲ့အခက်အခဲတွေ၊ အခက်အခဲကျော်လွှားဖို့ အသုံးပြုခဲ့တဲ့နည်းလမ်းတွေကို သိရှိမှတ်သားနိုင်မှာဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း စတင်ချင်သူတွေအတွက်လဲ၊ ဘယ်လိုစသင့်တယ်ဆိုတဲ့ အကြံဉာဏ်တ ချို့ရနိုင်မှာပါ။ အောင်မြင်တဲ့ လုပ်ငန်းတွေ အခက်အခဲတွေကြားမှာ ဘယ်လိုရုန်းကန်ပြီး ဆက်လက်ရှင်သန်ခဲ့ရတယ်ဆိုတာကို နမူနာအနေနဲ့ အတုယူနိုင်ပါတယ်။

ဒုံအပြင် အဲဒီလုပ်ငန်းတွေ စတင်ရာမှာ အရင်းအနှီးဘယ်လောက်နဲ့ စခဲ့တယ်၊ လုပ်ငန်းရဲ့ပထမဦးဆုံးခြေလှမ်းအနေနဲ့ ကြိုးစားခဲ့ရတဲ့ အလုပ်တွေအကြောင်း၊ ရရှိခဲ့တဲ့ဝင်ငွေ၊ အောင်မြင်အောင် ဆောင်ရွက်နိုင်ပုံ၊ ဝန်ထမ်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်ပုံ၊ ကြုံတွေ့ရတဲ့အခက်အခဲတွေကို ကျော်လွှားသွားနိုင်တဲ့ စိတ်အားထက်သန်မှုနဲ့စွမ်းရည် စတာတွေကို ပုံပြင်သဖွယ် ဖတ်ရှုရင်း လေ့လာမှတ်သားနိုင်ပါတယ်။ စာဖတ်သူ တွေအတွက် အကျိုးရှိနိုင်တဲ့ စာအုပ်ဖြစ်တာကြောင့် ဒီတစ်ပတ် Strategy First library ကဏ္ဍမှာ ရွေးချယ် ဖော်ပြလိုက်ရခြင်းဖြစ်ပါတယ်။

■

The STRATEGY FIRST Times

Editor-in-Chief
Aung Chit Khin

Advisor
Dr. Sein Min

Editor-in-Charge
Thiha Than Naing

Senior Reporter/ Assistant Editor
Thiha Ko Ko
Naing Naing Zaw

Contributors
NCC Students

Layout & Design
War War Tun

Senior Business Manager
Aung Kyaw Htay
May Thet Hnin

Free Distribution

Price - Free
Circulation - 2500

Publisher
Aung Chit Khin
(Reg - 01221)

Printing House
U Aung Naing Tun
(Amimyay - 00199)

Address
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

New Year ကို ဘယ်လိုဖြတ်ကျော်ကြမလဲ

ပုံမှန်လမ်းကြောင်းအတိုင်း လည်ပတ်လာတဲ့ ရာသီစက်ဝန်းက မကြာမီတင်မှာပဲ ဒီဇင်ဘာကိုဖြတ်ကျော်နေပါပြီ။ ရှေ့ယခင်နှစ်တွေမှာ ချမ်းစိမ့်တဲ့ဆောင်းတွင်းနေ့ရက်တွေကို ဖြတ်ကျော်ရင်း new year ညရဲ့ဇန်နဝါရီလကို မသိမသာ ချဉ်းနင်းဝင်ရောက်သွားလေ့ရှိပေမယ့် ဒီဘက်နှစ်ကူးတွေမှာတော့ နှစ်ကူးပွဲအခမ်းအနားတွေနဲ့ ပိုပြီးမြိုင်ဆိုင်လာတာကို တွေ့နေရပါတယ်။ မြန်မာ့ပြက္ခဒိန်နှစ်ကူးလက တန်ခူးလမှာ ဖြစ်ပေမယ့်ကမ္ဘာ့ပြက္ခဒိန်နှစ်ကူးကာလကဒီဇင်ဘာညရဲ့သန်းခေါင်ယံမိနစ်တွေဖြစ်ပါတယ်။

မြန်မာနှစ်ကူးနဲ့ နိုင်ငံတကာက နှစ်ကူးချိန်မတူသော်ငြားလည်း ပွဲတော်ချစ်တဲ့ မြန်မာလူမျိုးတွေကလည်း Global ရေစီးကြောင်းမှာ ဝင်ရောက်စီးမျောလာကြပြီဖြစ်ပါတယ်။ New year ကို ကမ္ဘာ့နိုင်ငံအသီးသီးက နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ အထူးသဖြင့် နှစ်ကူးသန်းခေါင်ယံစက္ကန့်ပိုင်းတွေမှာ happy new year လို့ သံပြိုင်အော်ဟစ်ပြီး မီးရှူးမီးပန်း တွေပစ်ဖောက်ကြိုဆိုကြတာဟာ မြန်မာလူငယ်တွေကြားမှာ ရေပန်းစားလို့နေပါပြီ။

ပြင်ပသင်တန်းတွေတက်ရောက်လေ့လာနေတဲ့ မဇင်နွယ်ဦးက "new year နေ့မှာ သူငယ်ချင်းတွေစုဖွဲ့ပြီးနေ့လည်မှာလျှောက်လည်ကြဖို့ စဉ်းစားထားတယ်။ ညပိုင်းမှာ အင်းယားကန်ဘောင်တွေမှာ မီးရှူးမီးပန်းတွေနဲ့ နှစ်ကူး ကြိုဆိုဖို့ရှိပါတယ်"လို့ ပြောပါတယ်။ စံတော်ချိန်စက္ကန့်တွေကိုရေတွက်ရင်းသုညအချိန်ကိုဖြတ်ကျော်ရတာက လွတ်လပ်ပေါ့ပါးတဲ့ လူငယ်ဘဝရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ခံစားချက်တွေရှိနေကြပါတယ်။

အခြားနိုင်ငံတွေရဲ့ new year နှစ်သစ်ကူးရှပ်ပုံတွေကို ရှပ်မြင်သံကြား screen မှာ ထိုင်ကြည့်ရုံခေတ်မျိုးမဟုတ်ပါဘူး။ အင်တာနက်၊ အွန်လိုင်းနည်းပညာတိုးတက်မှုက ကမ္ဘာ့အရှေ့ခြမ်းအဖြစ်အပျက်ကို အနောက်အရပ်က ချက်ချင်းသိနိုင်တဲ့အချိန်မျိုးမှာ ယဉ်ကျေးမှုတွေ စီးမျောခြင်းက ဟန့်တားနိုင်တဲ့အရာမျိုး မဟုတ်ပါဘူး။ လူငယ်တွေကြားမှာ new year လိုမျိုး အနောက်တိုင်းအစဉ်အလာတွေ ပျံ့နှံ့လာတာ ဒီဘက်နှစ်မှာ ပိုမြန်ဆန်လာပါတယ်။

မြန်မာမှာလည်း ညပိုင်းဂီတပွဲတွေ ဈေးရောင်းပွဲတွေနဲ့ new year ကို တစ်ခမ်းတစ်နားကြိုဆိုလာကြပြီဖြစ်ပါတယ်။ ချမ်းအေးတဲ့ညချမ်းမှာ လူငယ်၊ သူငယ်ချင်းတွေ စုစုပျော်ရွှင်ကြတာ ခေတ်ရေစီးကြောင်းအဖြစ် လက်ခံလာကြပေမယ့် အပျော်အနေနဲ့ အဖျော်ယမကာသောက်သုံးစွဲမှုကတော့ သတိထားရမှာ ဖြစ်ပါတယ်။

အနောက်ပိုင်းတက္ကသိုလ်မှာ မြန်မာစာဒုတိယနှစ်တက်ရောက်နေတဲ့ကိုကျော်စွာဟိန်းက "လူငယ်ဘဝမှာပျော် ကြပါးကြတာက သဘာဝပဲ၊ ကျွန်တော်တို့လည်း ရှာကြံပြီး ပျော်ပျော်နေတာပဲ၊ ဒါပေမဲ့ဒီနှစ်တွေမှာ တချို့အပျော်တွေက အပျက်တွေနဲ့ရောလာတယ်လို့ ခံစားမိတယ်။ အရင်နှစ်ကူးအချိန်မှာ နံနက်ပိုင်း သူငယ်ချင်းတွေစုပြီးရှပ်ရှင်ကြည့်တယ်။ ညပိုင်း ကန်ဘောင်မှာ happy new year အော်ကြတယ်၊ သိပ်ပြဿနာမရှိပေမယ့် ဒီဘက်နှစ်တွေမှာ တစ်ဖွဲ့တစ်ဖွဲ့သောက်စားပြီး ရန်စောင်လာကြတာတွေ ဖြစ်လာတော့ သတိထားလာရတယ်"လို့ပြောပါတယ်။

သောက်စားထားတဲ့အချိန် တစ်ဒင်္ဂကာ ဖြစ်ပေါ်တဲ့ မခံချင်စိတ်ကြောင့် ခိုက်ရန်ဖြစ်ပွားလာပါက ပျော်ရွှင်ရမယ့်အချိန်မှာ စိတ်နောက်

SFJ

စရာအဖြစ်မျိုးတွေကြုံလာနိုင်တာမို့ လူငယ်တွေသတိထားသင့်ပါတယ်။ ကိုရီးယားယဉ်ကျေးမှုအားကောင်းချိန် လူငယ်အမျိုးသမီးလေးတွေကြားဆိုဂျူသောက်သုံးတဲ့အလေ့အထကလည်း ညဘက်တွေမှာ ကျင်းပကြတဲ့ Show ပွဲတွေမှာ အဖြစ်များလာတာမို့ လူငယ်တွေသတိထားဖို့ တိုက်တွန်းလိုပါတယ်။

အနောက်နိုင်ငံတွေမှာ new year ကိုအစဉ်အလာအဖြစ်ကျင်းပကြတာ နှစ်ပေါင်းမနည်းလှပေမယ့်မြန်မာမှာခေတ်စားလာတာတော့ဆယ်စုနှစ်တစ်ခုလောက်သာရှိပါတယ်။ လူကြီးတွေအတွက် သိပ်ပြီးကြီးကျယ်တဲ့ ခံစားချက်မျိုးမရှိနိုင်ပေမယ့် လူငယ်တွေကြားက new year အစီအစဉ်တွေက ပိုပြီးကျယ်ပြန့်လာပါပြီ။ နှစ်ကူးရက်ကိုတိုက်ပြီး ကျင်းပတဲ့ မင်္ဂလာပွဲတွေ၊ နှစ်ကူးညချမ်းရဲ့ဂီတပွဲတွေ၊ သူငယ်ချင်းစုံညီတွေ့ဆုံပွဲတွေ၊ အပျော်ခရီးထွက်တာမျိုးတွေနဲ့ ပိုပြီးစုံလင်လာပါတယ်။

Supermarket နဲ့ အရောင်းစင်တာကြီးတွေကလည်း နှစ်ကူး promotion ပွဲတွေနဲ့ ကြိုဆိုနေကြပါပြီ။ မြန်မာလူငယ်တွေ အနေနဲ့လည်း ဒီဇင်ဘာ ၃၁ ရက်နေ့ရဲ့နှစ်သစ်ကူးအခါသမယမှာ ချစ်သူ၊ သူငယ်ချင်း၊ မိသားစုတွေနဲ့ ပျော်ရွှင်စွာဖြတ်ကျော်ရင်း လာမယ့် ၂၀၁၆ ခုနှစ်အခါသမယမှာ အောင်မြင်မှုအပေါင်းနဲ့ ပြည့်စုံဖို့ Strategy First သူငယ်ချင်းတွေက ဆုတောင်းမေတ္တာပို့အပ်ပါတယ်။

■

The STRATEGY FIRST Times

ကြော်ငြာအရွယ်အစား	အတွင်းစာ	နောက်ကျောဖုံး
1/8 page H (9 in x 2 in)	-	50,000 ks
1/8 page V (4.3 in x 3.5 in)	25,000 ks	-
1/4 page H (9 in x 3.5 in)	50,000 ks	90,000 ks
1/4 page V (4.3 in x 6.5 in)	50,000 ks	90,000 ks
Half-page (9 in x 7 in)	100,000 ks	160,000 ks
Full-page (9 in x 15 in)	200,000 ks	-

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာ အားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာများကိုနှာ ကန့်သတ်ထားပါသည်။ Vacancy များ အတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ် မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/ လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာ အတွက် ကိုစောဟောသဆဲ (Student Services Manager) 09 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး
ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းစဲ့ ၂၂၀၀ ကျပ်

မြင်ပရောင်းစဲ့ ၂၅၀၀ ကျပ်
ရန်ကုန် အိမ်အရောက် ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68

လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။

ကျောင်းသား/သူများအတွက် အထူးလျှော့စဲ့ - ၁၀%

ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in)	450,000 ks
နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in)	450,000 ks
ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in)	700,000 ks
အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in)	320,000 ks
အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in)	445,000 ks

အားလပ်ရက်မှာ ဘာတွေလုပ်ကြမလဲ?

ဆရာမ ဒေါ်ဖြူဖြူ
(International Business Communication)

အခုလောလောဆယ် သွားစရာရယ်လို့ ထွေထွေထူးထူး စီစဉ်ထားတာတော့ မရှိသေးဘူး။ ဒါပေမဲ့ အားတဲ့ရက်လည်း နည်းနည်းရလာမယ်ဆိုရင် ခရစ်စမတ်အနေနဲ့ မိသားစုနဲ့ အတူ မြို့တွင်းလျှောက်လည်ဖို့တော့ စိတ်ကူးထားတယ်။ တူမလေးလည်းရှိတော့ ကလေးကစားကွင်းတွေ ၊ ပန်းခြံတွေ၊ တိရစ္ဆာန်ဥယျာဉ် တွေ၊ ပြည်သူ့ရင်ပြင်နဲ့ တခြားနေရာတွေကိုလိုက်ပို့ပေးဖို့တော့ရှိတယ်။ ဒီဇင်ဘာကျတော့ ပိတ်ရက်တွေမတူတော့ မိသားစုတွေ အတူဆုံဖို့ကျတော့ မလွယ်ပြန်ဘူး။ သင်္ကြန်တွင်းကျတော့ မိသားစုတွေရော၊ သူငယ်ချင်းတွေရောက ပိတ်ရက်တွေဆုံကြတယ်၊ ခွင့်ရက်ရှည်တွေလည်းရကျတော့ခရီးရှည်ထွက်ဖို့ကိစ္စတွေကို စဉ်းစားဖြစ်တယ်။ အခုဒီဇင်ဘာကျတော့ မပိတ်တဲ့သူလည်းရှိတော့ ခရီးတော့ သိပ်မထွက်ဖြစ်ဘူး။ သင်္ကြန်တွင်းကြမှပဲ သူငယ်ချင်းတွေဆုံပြီးသွားတာလည်းရှိတယ်။ အရင်နှစ်ကတော့ ဒီဇင်ဘာမှာ ကျိုက်ထီးရိုးကိုသွားတယ်။ ခရီးသွားတာတော့ စိတ်ဝင်စားမှုရှိပေမယ့် အားတဲ့အခြေအနေပေါ်မူတည်ပြီးမှပဲ သေချာစီစဉ်ဖြစ်တာများတယ်။ မိသားစုလိုက် ခရီးသွားတာမျိုးတွေဆိုရင် တည်ခိုဖို့နေရာတွေ၊ အစားအသောက်တွေနေမယ့်ရက်တွေကအစ သေချာစီစဉ်ပြီးမှပဲ ထွက်တာများပါတယ်။ ဒီနှစ်ကတော့ ထွေထွေထူးထူးသွားဖို့၊ လည်ပတ်ဖို့ စီစဉ်ထားတာ မရှိသေးပါဘူး။ အခုဒီဇင်ဘာမှာတော့ အဲလိုမျိုး ခရီးရက်ရှည်တွေ သွားဖို့ထက် မိသားစုနဲ့အတူ ကျော်ဖြတ်ဖို့ စဉ်းစားထားပါတယ်။ စာအုပ်လေးဘာလေးတွေ ဖတ်မယ်၊ နောင်နှစ်မှာ ဘာလုပ်မလဲဆိုတဲ့အစီအစဉ်သစ်တွေရေးဆွဲဖို့လည်းလုပ်ရဦးမယ်။

ဆရာခန့်အုပ်စိုး
(English 4 Skills)

ဒီနှစ် holiday plan ကတော့ ငယ်သူငယ်ချင်းတွေနဲ့ ခရီးသွားဖို့ စီစဉ်ထားပါတယ်။ တောင်ကြီး၊ အင်းလေး၊ ပုဂံကို (၈) ရက်လောက် သွားဖြစ်မယ်လို့တော့ စီစဉ်ထားပါတယ်။ December အားလပ်ရက်တွေဆိုရင် ခရီးသွားဖြစ်တာ များပါတယ်။ မနှစ်က ၂၀၁၄ ဒီဇင်ဘာတုန်းကလည်း အလုပ်က မိတ်ဆွေတွေနဲ့ ပုဂံကို ခရီးထွက်ဖြစ်ခဲ့ပါတယ်။ ဒီဇင်ဘာကတော့ ခရီးသွားရာသီဖြစ်တဲ့အတွက် လူတော့နည်းနည်း များပါတယ်။ ဒါပေမဲ့ရာသီဥတုလည်းကောင်းတဲ့အတွက် ခရီးသွားတာအကောင်းဆုံးလို့ပဲမြင်ပါတယ်။ အားလုံးလည်း ဒီနှစ်သစ်အားလပ်ရက်တွေမှာ ဘေးရန်ကင်းစွာနဲ့ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

နွေးနွေး
(Business Management)

ဒီဇင်ဘာနှစ်သစ်၊ခရစ်စမတ်လည်းဆိုတော့ မိသားစုနဲ့အတူ စားကောင်းတာတွေ သွားစားဖို့မှန်းထားတယ်။ ဝယ်စရာရှိတာတွေဝယ်မယ်ပေါ့။ ရုံးကလည်းရက်အများကြီး ပိတ်တာမဟုတ်တော့ အချိန်လည်းအရမ်းမရဘူးပေါ့။

အလုပ်ကလည်း အမြဲတမ်းခရီးသွားရတာဆိုတော့ ခရီးသီးသန့်ထွက်ဖြစ်ဖို့တော့ သိပ်မစဉ်းစားမိဘူး၊ ဒါပေမဲ့ ခွင့်ရက်ရှည်ရရင်တော့ကမ်းခြေကို သွားပြီးအေးဆေးအနားယူချင်တယ်။ သင်္ကြန်လိုမျိုးအားတဲ့အခါမျိုးကြတော့ တောပြန်တာတော့ရှိပါတယ်။ ကြားအားလပ်ရက်တွေ အများစုကတော့ မိသားစုနဲ့အတူ နေဖြစ်တယ်။ တကယ်လို့အခွင့်သာမယ်ဆိုရင်တော့နေ့ချင်းပြန်ခရီးစဉ်လေးတွေ သွားဖို့ရှိတယ်။

အောင်ကျော်ထွန်း
(International Business Communication-Batch 10)

ဒီ ၂၀၁၅ ဒီဇင်ဘာမှာခရစ်စမတ်ပိတ်ရက် က (၃) ရက်ရှိတယ်။ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်ပေါ့။ ဘာပဲဖြစ်ဖြစ် ခရီးသွားချင်တဲ့ဝန်ထမ်းတွေအတွက် အခွင့်အရေးရသွားတယ်ပေါ့။ ကျွန်တော်ကတော့ ဝန်ထမ်းလည်းဖြစ်တယ်၊ မိသားစုလည်း ရှိတော့ ခရီးထွက်ဖြစ်မယ်ဆိုရင် ကမ်းခြေသွားဖို့ စဉ်းစားထားတယ်။ ခရီးသွားဖြစ်ရင်တော့ ကိုယ့်အစီအစဉ်နဲ့ပဲသွားဖို့ စဉ်စားထားတယ်။ ကုမ္ပဏီတွေနဲ့ package ချိတ်သွားတာတော့ သိပ်ပြီးမလုပ်ဖြစ်ဘူး။ ကျွန်ဝန်ထမ်းတွေ၊ မိသားစုဝင်တွေအားလုံး အခု ဒီဇင်ဘာခရစ်စမတ်ကာလမှာအားလုံးပျော်ပျော်ရွှင်ရွှင် ဖြတ်ကျော်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

မလင်းလက်ဝေ
(English Elementary)

အခုနှစ် ဒီဇင်ဘာက ကျောင်းများများ ပိတ်တော့ပျော်မိတယ်။ ကိုယ်ကအားပြီး မိသားစုလည်း အားရင်တော့ ခရီးရှည်ထွက်ဖို့တော့စဉ်းစားထားတယ်။ နေရာအတိအကျတော့ မိသားစုဝင်တွေနဲ့မတိုင်ပင်ရသေးဘူး။ အားလပ်ချိန်ထပ်ရရင်လည်းကိုယ့်အတွက်အသိပညာတိုးပွားမယ့် စာအုပ်တွေဘာတွေ ဖတ်ပြီးအချိန်ကုန်ဖို့ရှိတယ်။ သူငယ်ချင်းတွေလည်း ဒီဇင်ဘာ အလုပ်ပိတ်ကြမယ်ဆိုရင်တော့ သူတို့နဲ့မြို့တွင်းလျှောက်လယ်ဖို့လည်း စဉ်းစားမိပါတယ်။ အရင်နှစ်ကတော့ သူငယ်ချင်းတွေနဲ့လျှောက်လည် ကြတာပဲရှိခဲ့ပါတယ်။

စိုးရမင်း
(Tourism Management Batch -10)

ဒီဇင်ဘာမှာ ကျွန်တော် holiday အနေနဲ့ စက်ဘူးကို သွားဖို့ရှိတယ်။ Shopping သဘောမျိုးရော အလုပ်ကိစ္စလည်းပါမယ်။ ဟိုရောက်ရင် အပန်းဖြေတဲ့အနေနဲ့ music festival ပွဲလည်းသွားဖို့ရှိနေတယ်။ စက်ဘူးကသူငယ်ချင်းတွေနဲ့လည်းဆုံဖို့ရှိတယ်။ အရင်နှစ် ဒီဇင်ဘာမှာတော့ မသွားဖြစ်ခဲ့ဘူး။ အခုနှစ်က အလုပ် ကိစ္စလည်းပါတယ်ဆိုတော့ ဟိုမှာ ၁၄ ရက်လောက်တော့ ကြာမယ်ထင်တယ်။ ကျွန်တော်က ခရီးသွားကုမ္ပဏီ ဖွင့်ထားတော့ ဒီလိုပိတ်ရက်မျိုးတွေမှာ ခရီးသွားဖြစ်တာများတယ်။ သိပ်အဝေးမသွားဖြစ်ဘူးဆိုရင် တောင် သူငယ်ချင်းတွေနဲ့ ကမ်းခြေကို ပျော်ပျော်ပါးပါးသွားဖြစ်တယ်။ ဝန်ထမ်းတွေနဲ့တော့ ဇန်နဝါရီလို ခရီးသွားနည်းနည်းပါသွားတဲ့အချိန်မှပဲ သွားတယ်။

ဇင်နွယ်ဦး
(NCC)

ဒီဇင်ဘာကျောင်းပိတ်ရင် ခရီးကတော့ မသေချာဘူး။ ခရီးသွားဖြစ်မယ်ဆိုရင် ဒီဇင်ဘာဆိုတော့ မန္တလေး၊ ပုဂံနဲ့ ပြင်ဦးလွင်ဘက်ကိုထွက်ဖြစ်ပါလိမ့်မယ်။ မသွားဖြစ်ရင်တော့ အိမ်မှာပဲ စာမေးပွဲအတွက် ပြင်ဆင်ဖို့လည်းရှိတယ်။ New Year နေ့မှာ သူငယ်ချင်းတွေနဲ့စုပြီး လျှောက်လည်ဖို့စီစဉ်ထားတယ်။ သူငယ်ချင်း တွေနဲ့ မြကျွန်းသာသွားမယ်၊ ကန်ဘောင်သွားမယ်၊ မီးရှူးမီးပန်းတွေဖောက်မယ်။ အရင်နှစ်ကလည်းသူငယ်ချင်းတွေနဲ့ပဲအတူ ပျော်ကြတာများပါတယ်။

ခရစ်စမတ်ပွဲတော်

ဝင်

ခရစ်စမတ်ပွဲတော်ဆိုတာ ဘာကိုဆိုလိုတာလဲ၊နိုင်ငံတကာလူမျိုးပေါင်းစုံ၊နိုင်ငံပေါင်းစုံမှာ ဘာဖြစ်လို့ချိမ့်ချိမ့်သဲကျင်းပကြတာလဲ၊ဒီဇင်ဘာအခါသမယရောက်လာပြီဆိုရင်လူတိုင်းလူတိုင်းမှာ ခရစ်စမတ်နဲ့ အားလပ်ရက်အတွက် ပျော်ရွှင်မှုတွေ၊ Holiday spiritတွေအလိုလိုပေါ်ပေါက်လာကြတယ်။

ခရစ်စမတ်ပွဲတော်အကြောင်းနဲ့ ခရစ်စမတ်မှာ တွေ့မြင်ရတဲ့အရာတွေရဲ့ အနက်အဓိပ္ပာယ်တွေကိုဗဟုသုတအနေနဲ့သိရအောင် ဖော်ပြပေးမှာဖြစ်ပါတယ်။

ခရစ်စမတ်နေ့ဆိုတာ လူသားတွေရဲ့မွေးနေ့တွေလိုမျိုး ဘယ်နှစ်နှစ်ပြည့်ဆိုပြီး ကျင်းပကြတာနဲ့မတူပါဘူး၊ ခရစ်ယာန်တွေအတွက်ဆိုရင် ဘုရားရဲ့သားတော် သခင်ယေရှု ဖွားမြင်ခဲ့တဲ့အချိန်ကို အောက်မေ့သတိရဖို့အတွက် ကျင်းပကြတာဖြစ်ပါတယ်။

ခရစ်စမတ်နေ့စတင်သတ်မှတ်ခြင်း

သခင်ယေရှုရဲ့မွေးနေ့အတိအကျကို ဘယ်သူမှမသိကြပါဘူး။ ခရစ်ယာန်ကျမ်းစာထဲမှာလည်း ဖော်ပြထားခြင်းမရှိပါဘူး။ ဒါဆိုရင် ကျွန်တော်တို့တွေကဘာဖြစ်လို့ခရစ်စမတ်နေ့ကို ဒီဇင်ဘာ ၂၅ ရက်နေ့မှာ ကျင်းပကြ တာလဲ။

အေဒီ ၄၀၀ မတိုင်ခင်တုန်းကတော့ ခရစ်စမတ်နေ့ကိုကျင်းပကြပေမယ့်ရက်အတိအကျ သတ်မှတ်ထားခြင်းမရှိပါဘူး။ဇန်နဝါရီ(၆)ရက်၊ မတ်လ ၂၅ ရက်စသည်ဖြင့် ကျင်းပကြပြီးတော့ ဒီဇင်ဘာ ၂၅ ရက်နေ့မှာ ပထမဆုံး ကျင်းပခဲ့တယ်လို့သမိုင်းတွေမှာဖော်ပြထားတာကတော့ အေဒီ ၃၃၆ ခုနှစ် ရောမအင်ပါယာကြီးကို ကွန်စတန်တင်း ဘုရင်အုပ်စိုးခဲ့တဲ့အချိန် ဖြစ်ပါတယ်။ နောက်နှစ်အနည်းငယ်ရောက်မှာ ပုပ်ရဟန်းမင်းကြီး Julius (I) ကခရစ်စမတ်နေ့ကို ဒီဇင်ဘာ ၂၅ မှာပဲ ကျင်းပဖို့သတ်မှတ်ကြေညာခဲ့တာဖြစ်ပါတယ်။

ခရစ်စမတ်ကတ်

ခရစ်စမတ်ကတ်တွေကို မိတ်ဆွေတွေကို ပေးပို့တဲ့အလေ့အထဟာ ၁၈၄၃ ခုနှစ် တုန်းက ဗြိတိန်မှာ Sir Henry Cole ဆိုတဲ့လူကနေ စတင်ခဲ့တယ်လို့သိရပါတယ်။ သူဟာအစိုးရဝန်ထမ်းတစ်ခုဖြစ်ပြီးတော့ သူ့သူငယ်ချင်းဖြစ်တဲ့ John Hosley ဆိုတဲ့ပန်းချီဆရာတစ်ယောက်နဲ့အတူ ခရစ်စမတ်ကတ်တွေ စတင်လုပ်ခဲ့ပြီးတော့ တစ်ခုကို တစ်ရှိလင်နဲ့ ရောင်းချခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းက လူတွေဟာ ၁۸၄၀ ခုနှစ်ကစခဲ့တဲ့ အများသုံးစာပို့စနစ်ကနေပဲတစ်ဆင့် ကတ်တွေကို ပို့ကြပါတယ်။ ၁۸၆၀ -၇၀ ခုနှစ် ဝန်းကျင်မှာတော့ ပုံနှိပ်လုပ်ငန်းတွေ တိုးတက်လာပြီး ခရစ်စမတ်ကတ်ပို့တဲ့အလေ့အထလည်း တစ်ကမ္ဘာလုံးမှာ ပြန့်နှံ့သွားပါတယ်။ အခုဆိုရင် ဒီဇင်ဘာလ ရောက်တိုင်း လူတွေဟာ ချစ်သူခင်သူတွေကို ခရစ်စမတ်ကတ်တွေမှာ ဆုတောင်းစာတွေ ရေးပြီးတော့ပို့ကြပါတယ်။

ခရစ်စမတ်သစ်ပင်

ခရစ်စမတ်သစ်ပင်ဟာ ရှေးခေတ် ရောမအင်ပါယာမှာရှိခဲ့တဲ့လူမျိုးစုတစ်ခုရဲ့နှတ်ပွဲတွေမှာ အမြဲစိမ်းသစ်ပင်တွေကိုအသုံးပြုခဲ့ရာတာကနေ ဆင်းသက်လာတယ်လို့ ဆိုကြပါတယ်။

အခုခေတ်မှာတော့ နိုဝင်ဘာလလောက် ရောက်လာရင်ကိုပဲ နေရာတကာမှာ ခရစ်စမတ်သစ်ပင်တွေကို အလှဆင်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ခရစ်မတ်သစ်ပင်ထိပ်မှာလည်း ကြယ်တစ်စင်းပါ ရှိရမှာဖြစ်ပါတယ်။ ဘယ်လောက်ကြီးမားလုပတဲ့ သစ်ပင်ဖြစ်ပါစေ ထိပ်ဆုံးမှာ ကြယ်တစ်စင်းမပါဘူးဆိုရင် ခရစ်စမတ်သစ်ပင်လို့ သတ်မှတ်လို့ရနိုင်မယ် မထင်ပါဘူး။

Santa Claus

ခရစ်စမတ်ဆိုရင်လူတိုင်း မျက်စိထဲပြေးမြင်မိမှာတော့ Santa Claus ဆိုတာ အထူးပြောစရာလိုမယ်မထင်ပါဘူး။Santa Clausဟာ ခရစ်စမတ်ရဲ့ပြယုဒ်တစ်ခုလို့လည်း ပြောလို့ရပါတယ်။

Santa Claus ဘိုးဘိုးလို့ပြောရင် လူအများသိထားတဲ့ဇာတ်လမ်းကတော့ မြောက်ဝင်ရိုးစွန်းမှာ နေထိုင်တဲ့ ဝဝတုတ်တုတ်၊ မုတ်ဆိတ်မွေးအဖြူကြီးနဲ့ အနီရောင်ဝတ်စုံကြီး ဝတ်ပြီးတော့ HO HO HO လို့ ရယ်တတ်တဲ့ ဘိုးဘိုးကြီးဖြစ်ပါတယ်။ ခရစ်စမတ်မတိုင်ခင် ညမှာ Santa Claus u Reindeer လို့ခေါ်တဲ့ သမင်ကြီးတွေ ဆွဲထားတဲ့ လှည်းကြီးကို လေပေါ်မှာ မောင်းနှင်စီးနင်းပြီးတော့ တစ်နှစ်တာပတ်လုံး လိမ္မာစွာနေခဲ့တဲ့ ကလေးတွေကို လက်ဆောင်တွေ၊ အရုပ်တွေ တိတ်တဆိတ် လိုက်ပေးပါတယ်။ Santa Claus ရဲ့ဒဏ္ဍာရီ ဖြစ်ပေါ်လာပုံကတကယ်တော့ဒီလိုဖြစ်ပါတယ်။

Santa Claus ပုံရိပ်နောက်ကွယ်က လူကတော့ Saint Nicholas ဆိုတဲ့ ဘုန်းတော်ကြီးတစ်ပါးဖြစ်ပါတယ်။

အေဒီ (၄) ရာစုတုန်းက အခု တူရကီနိုင်ငံရှိတဲ့နေရာက Myra ဆိုတဲ့မြို့လေးမှာ နေထိုင်ခဲ့တဲ့ St.Nicholas ရဲ့မိဘတွေဟာအရမ်းချမ်းသာတဲ့ လူတွေဖြစ်ခဲ့ပြီးတော့ သူငယ်စဉ်ကတည်းက ဆုံးပါးသွားတာကြောင့် အမွေများစွာရရှိခဲ့ပါတယ်။

ဒါပေမဲ့ St.Nicholas ဟာ ဘုန်းကြီးဖြစ်တာကြောင့် ဒီစည်းစိမ်တွေကို သုံးစွဲစရာ မလိုအပ်တာကြောင့် ဆင်းရဲနွမ်းပါးသူတွေကို အလျင်းသင့်တိုင်း ပေးကမ်းလေ့ရှိပြီးတော့ လက်ဆောင်တွေလည်း တိတ်တဆိတ်လိုက်ပေးလေ့ရှိတယ်လို့ ပြောကြပါတယ်။St. Nicholas ကိုအစွဲပြုပြီးတော့မှတစ်ဆင့် Sinter Klaus ကနေ Santa Claus ဖြစ်လာတာ ဖြစ်ပါတယ်။ ဒတ်ချ်လူမျိုးတွေက စတင်ခေါ်ဝေါ်ခဲ့ကြတာလို့ပြောကြပါတယ်။

ဒီနေ့ လူအများမြင်နေရတဲ့ မုတ်ဆိတ်ဖြူ၊ ဝဝနဲ့အနီရောင်ရဲရဲဝတ်ထားတဲ့ Santa Claus ကတော့ဂျာမနီနိုင်ငံမှာမွေးဖွားခဲ့တဲ့အမေရိကန်နိုင်ငံသား Thomas Nast ဆိုသူက စတင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။

Thomasဟာငယ်စဉ်တုန်းကအိမ်နီးချင်းပုပုဝဝ အဖိုးအို တစ်ယောက်က ခရစ်စမတ်ရောက်တိုင်း ပြုံးရွှင်ပြီးတော့ ကလေးတွေကို လက်ဆောင်လိုက်ပေးတာကို မြင်ယောင်ကာ ဂုဏ်ပြုတဲ့အနေနဲ့ရေးဆွဲခဲ့တာဖြစ်ပါတယ်။

အနောက်တိုင်းနိုင်ငံတွေမှာတော့ကလေးတွေကစာတိုက်ကနေ Santa Clausကိုသူတို့ တစ်နှစ်ပတ်လုံး လိမ္မာစွာနေထိုင်ခဲ့တာကြောင့် လက်ဆောင်တွေလာပေးဖို့ စာတွေရေးပို့ကြပါတယ်။လိမ္မာတဲ့ကလေးတွေကို Santaက လက်ဆောင်လာပေးလေ့ရှိတယ်လို့ ငယ်စဉ်တည်းက မိဘတွေကပြောပြထားလို့ဖြစ်ပါတယ်။ ဒီစာတွေကို စာတိုက်နဲ့ လုပ်အားပေးဝန်ထမ်းတွေက Santa CLausအနေနဲ့စာတွေ ပြန်ရေးပေးကြပြီးတော့ကလေးတွေရဲ့မိဘတွေ ကလည်း လက်ဆောင်တွေ ကို Santa Claus လာပေးတယ်ဆိုပြီးတော့ တိတ်တဆိတ်ထားထားတတ်ပါတယ်။

ခရစ်စမတ်အင်္ဂေအသက်ကို ဖော်ပြတဲ့ အနေနဲ့နေရာတကာမှာခရစ်ယာန်တွေသာမက တခြားသူတွေကပါ ခရစ်စမတ်အလှဆင်ပစ္စည်းတွေကိုလှုပစ္စာအလှဆင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ခရစ်စမတ်အချိန်အခါဟာ ခရစ်ယာန်ဘာသာဝင်တွေ အထွဋ်အမြတ်ထားရာ ပွဲတော်တစ်ခုဖြစ်ပေမယ့်လည်းပွဲတော်ရဲ့အင်္ဂေအသက်တွေနဲ့ ပျော်ရွှင်မှုတွေဟာ နှစ်စဉ်နှစ်တိုင်းမှာ၊ ဘုရားကျောင်းအဖွဲ့တွေ၊ လူငယ်အဖွဲ့တွေရဲ့ Caroling သီချင်းထွက်ဆိုသံ၊ ရာသီနဲ့ လိုက်ဖက်တဲ့ အနီ၊ အစိမ်း အဖြူရောင်တွေနဲ့ Merry Christmas ဆိုတဲ့ ဆုတောင်းနှုတ်ဆက်သံတွေဟာ လူတိုင်းကို ကူးဆက်သွားတာကို တွေ့ရမှာဖြစ်ပါတယ်။

■

Soul Surfer

ဇင်နွယ်ဦး၊ သဇင်ထက်၊ အေးမြတ်စန်း၊ စိုးသဒ္ဒါဘိုဂ် (NCC9Batch-1)

ဒီတစ်ပတ် STRATEGY FIRST INSTITUTE ရဲ့ Movie Review ကဏ္ဍမှာ ဖော်ပြမယ့် ဇာတ်ကားကတော့ Soul Surfer ဆိုတဲ့ရုပ်ရှင်ကားဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလမှာ စတင်ထွက်ရှိခဲ့တာဖြစ်ပြီး ဒါရိုက်တာ Sean Mc Namara ရဲ့ ဇာတ်ကားကောင်း တစ်ကားဖြစ်ပါတယ်။ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၈ သန်း အကုန်အကျခံရိုက်ကူးခဲ့ပြီးတော့ ရုံတင်ပြသတဲ့အချိန် Box Office မှာ ၄၇ သန်းကျော် ပြန်လည်ရရှိခဲ့ပါတယ်။

ဇာတ်ကားက Bethany Hamilton ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိထဲကနေ ထုတ်နှုတ်ရိုက်ကူးထားတာဖြစ်ပါတယ်။ အဓိကဇာတ်ကောင် Bethany အဖြစ် Anna Sophia Robb၊ Sara အဖြစ် ကန်းထရီးအဆိုတော် Carrie Underwood တို့က သရုပ်ဆောင်ထားပါတယ်။

ဇာတ်လမ်းရဲ့အကြောင်းကတော့ Bethany ဟာ Hawaii က Kauai ကျွန်းမှာနေထိုင်တဲ့ ကောင်းမလေးတစ်ယောက်ဖြစ်ပြီးရေလွှာလျှောစီးခြင်း(surfing) ကို အလွန်နှစ်သက်တဲ့သူ ဖြစ်ပါတယ်။ ပြိုင်ပွဲတွေအားလုံးကိုလည်း သူ့သူငယ်ချင်းဖြစ်သူ Alana နဲ့ သွားပြိုင်လေ့ရှိပြီး ပထမပြိုင်ပွဲမှာ Bethany က ပထမရရှိခဲ့ပြီး Alana ကတော့ တတိယနေရာကိုရခဲ့ပါတယ်။ ဒုတိယပြိုင်ပွဲတစ်ခုအတွက်လေ့ကျင့်နေချိန်မှာ Bethany ဟာ ငါးမန်းကိုက်ခံရပြီး ဘယ်ဘက်လက်ဆုံးရှုံးသွားခဲ့ပါတယ်။

Bethany ဟာပြိုင်ပွဲတွေ ဆက်ပြိုင်လို့ မရတော့ပါဘူးလို့ အများကထင်ကြပေမယ့် သူဟာဖွဲ့မလျှော့ဘဲ ကျန်ရှိတဲ့လက်တစ်ဖက်နဲ့ ပြိုင်ပွဲကို ဆက်ပြိုင်ခဲ့ပါတယ်။ စိတ်ထိခိုက်အားငယ်မှုတွေကြားကနေ ပြိုင်ပွဲကိုဘယ်လိုကြိုးစားယှဉ်ပြိုင်ခဲ့လဲဆိုတာကိုဆက်လက်ကြည့်ရှုခံစားလိုက်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဒီဇာတ်လမ်းကိုကြည့်ရှုခြင်းအားဖြင့်လည်း မိမိဘဝမှာ ဘယ်လိုအခက်အခဲတွေ များနေပါစေ ဖွဲ့လုံ့လ၊ ဝိရိယ မလျှော့ဘဲ ယှဉ်ပြိုင်သင့်ကြောင်း၊ အားကစားမှာ အနိုင်အရှုံးက အဓိကမဟုတ်ဘဲ အားကစားစိတ်ဓာတ်အပြည့်နဲ့ ယှဉ်ပြိုင်ကစားခြင်းက အဓိကဖြစ်ကြောင်း သင်ခန်းစာတွေရရှိနိုင်ပါတယ်။

■

MICROSOFT EXCEL TUTORIAL

ကိုလင်းထူးအောင် (Global Link Technology)

Quick Access Toolbar အသုံးပြုနည်း



Quick Access Toolbar ဆိုတာ Microsoft Excel တွင်သာမက Office Suite တစ်ခုလုံးမှာ ပါဝင်သော ထပ်ခါထပ်ခါ အသုံးပြုမယ့် Button တွေစုထားသော Toolbar တစ်ခုဖြစ်တယ်။ ဥပမာအနေနဲ့ပြောရရင် ထပ်ခါတစ်လဲလဲ အသုံးပြုတဲ့ Save , Undo , Redo Button များကို Default အရ ထည့်သွင်းပေးထားသည်။ တစ်နည်းအားဖြင့်ပြောရရင် ကိုယ်က စာလုံးပေါင်းအမှားများကို အမြဲစစ်လိုပါက Review Tab ထဲမှ Proofing group ထဲတွင် ရှာစရာမလိုဘဲ အလွယ်တကူ အသုံးပြုနိုင်ဖို့ Quick Access Toolbar တွင်ထည့်သွင်းထားနိုင်ပါတယ်။

QAT တွင် Button များကို ထည့်သွင်းဖို့ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါတယ်။

၁. Excel Backstage View ကို သွားဖို့ File tab ကို နှိပ်ပါ။

၂. File Tab ထဲမှ Option Tab ကိုနှိပ်ရင် Excel Option Dialog Box ပွင့်လာပါလိမ့်မယ်။

၃. Excel Option Dialog Box က Quick Access Toolbar ကိုနှိပ်ပါက ပြင်ဆင်နိုင်မယ့် နေရာကို ရောက်သွားလိမ့်မယ်။

၄. ဒီနေရာမှာ Left Panel နဲ့ Right Panel နှစ်ခုတွေ့လိမ့်မယ်။

Tip- Left Panel ဟာ Excel မှာပါဝင်သော commands များကို ပြပေးတဲ့နေရာဖြစ်တယ်။

Right Panel ရဲ့ Quick access toolbar မှာ အသုံးပြုထားတဲ့ Command များကို ပြပေးထားတဲ့နေရာဖြစ်ပါတယ်။

၅. Left Panel ဘက်က Spelling ကို ရွေးပါ။ Left Panel နဲ့ Right Panel ကြားထဲက Add ကိုနှိပ်ပါက Spelling command ဟာ Right Panel ဘက်ကို ရောက်သွားပါလိမ့်မယ်။ ပြီးတော့ OK ကိုနှိပ်ပြီး Quick Access Toolbar မှာ Spelling command ရောက်နေပါလိမ့်မယ်။

Right Panel ဘက်ရှိ Command အားလုံးဟာ Quick Access Toolbar မှာ အမှန်တကယ်သုံးမယ့် Command များဖြစ်ပါတယ်။

■

Caffine ရဲ့ ကောင်းကျိုးများ

သင်ဟာ နံနက်ခင်းမှာ ကော်ဖီကို အားကိုးသူတစ်ယောက်၊ နေ့လည်နေ့ခင်းမှာလည်း ကော်ဖီသောက်ချင်သူတစ်ယောက်ဖြစ်သလား။ ကော်ဖီဟာ လူရဲ့ အဓိက အာရုံကြောဆီကို ဖြတ်သန်းပြီး စိတ်ကို အမြန်နိုးကြားစေတယ် ဆိုတာက မျက်လှည့်တစ်ခုလိုပါပဲ။ (ဒါကြောင့် လည်းကော်ဖီဟာ ကမ္ဘာပေါ်မှာ လူသုံးအများဆုံး စိတ်ကြွဆေးလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ကော်ဖီကနေ လူအတွက် အကျိုးဖြစ်စေမယ့်ဟာတွေ လည်း အများကြီးပါ။ ကော်ဖီသောက်ပြီး ကိုယ်လုပ်စရာရှိတာတွေကို အာရုံစူးစိုက်မှုအပြည့်နဲ့ လုပ်နိုင်ပါတယ်။ ဒီဆောင်းပါးကတော့ ကဖီးဓာတ်ရဲ့ ကျန်းမာရေးအပေါ်ကောင်းကျိုး ၁၀ ခုကိုဖော်ပြထားတာဖြစ်ပါတယ်။

ဦးနှောက်ကို အကာအကွယ်ပေးခြင်း။

ကော်ဖီသောက်ခြင်းက အလုပ်လုပ်တဲ့ နေရာမှာ အာရုံစူးစိုက်မှုကိုပေးပြီး ရေရှည်မှာလည်း အကျိုးဖြစ်ထွန်းစေတယ်လို့ သိရပါတယ်။ ဒါ့အပြင် မှတ်ဉာဏ်တိုးတက်မှုကိုလည်း ဖြစ်ပေါ်စေပြီး မေ့လျော့တတ်တာတွေကို လျှော့ချပေးပါတယ်။ ကျန်းမာရေးဂျာနယ်တစ်ခုရဲ့ အဆိုအရတော့ တစ်ရက်ကို ကော်ဖီငါးခွက် သောက်မယ်ဆိုရင် အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားမှုကိုကာကွယ်ပေးနိုင်တယ်လို့သိရပါတယ်။

ခန္ဓာကိုယ် ကျန်းမာစေခြင်း။

မကြာသေးခင်ကပြုလုပ်ခဲ့တဲ့ သုတေသနပြုလုပ်ချက်တွေအရ အသက်အရွယ်ကြီးသူတွေ ကော်ဖီသောက်မယ်ဆိုရင် သူတို့ရဲ့ခန္ဓာကိုယ်ကြံ့ခိုင်မှုတွေ တိုးပွားလာတယ်လို့ သိရပါတယ်။ သုတေသနပြုမှုအထဲ အသက်အရွယ်ကြီးမြင့် သူတွေကို ကဖီးဓာတ်အနည်းငယ်သောက်သုံးခိုင်းပြီးတော့ အပေါ်ပိုင်းနဲ့ အောက်ပိုင်းတို့ရဲ့ ခန္ဓာကိုယ်ခံနိုင်ရည်ကို ရှိ၊မရှိကို စမ်းသပ်ခဲ့တဲ့အခါမှာ ခွန်အားပိုမိုတိုးလာပြီးတော့ စိတ်ဓာတ်ပိုင်းလည်း ပိုနိုးကြားလာတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အလေးမတဲ့ အမျိုးသား၊ အမျိုးသမီးတွေဟာ ကော်ဖီသောက်ထားမယ်ဆိုရင် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းတွေကို ပိုမိုပြုလုပ်နိုင်တယ်လို့ သိရပါတယ်။

ကျောက်ကပ်ကောင်းမွန်စေခြင်း။

ကြီးကြီးမားမားပြုလုပ်ခဲ့တဲ့ သုတေသနစစ်တမ်းတွေအရ ကော်ဖီသောက်သုံးသူတွေဟာ ကျောက်တည်တဲ့ရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းလျော့နည်းတယ်လို့ သိရပါတယ်။ ဒီစစ်တမ်းကို American Journal of Clinical Nutrition က ပြုလုပ်တာဖြစ်ပါတယ်။

ဆီးချိုအဆင့် (၂) ကို တိုက်ဖျက်ခြင်း။

နေ့စဉ်နေ့တိုင်းကော်ဖီသောက်သုံးသူတွေဟာ ဆီးချိုအဆင့် (၂) ဖြစ်ပွားနိုင်ခြေ နည်းပါတယ်လို့ သိရပြီး အခြားသုတေသနပြုချက်တွေအရ ကော်ဖီသောက်ခြင်းဖြင့် အင်ဆူလင် level တွေကိုထိန်းညှိပေးပြီးတော့ပရိုတင်းဓာတ်နဲ့ အဆီတွေကို ကောင်းစွာချေဖြတ်ပြီး လည်ပတ်စေတာကြောင့် ကိုယ်အလေးချိန် လျော့ကျစေတယ်လို့လည်း သိရပါတယ်။

စိတ်အခြေအနေကို မြှင့်တင်ပေးခြင်း။

စိတ်ဓာတ်ကျသလို ခံစားနေရသလား၊ ကော်ဖီဆိုင်သွားလိုက်ပါ ။အချိန် ၁၀ နှစ်ကျော်ကြာပြုလုပ်လာတဲ့ သုတေသနတွေအရ နေ့စဉ်နေ့တိုင်း ကော်ဖီသောက်သူတွေဟာ စိတ်ကျရောဂါဖြစ်နိုင်ခြေလျော့ကျပြီး လန်းဆန်းနေစေတယ်လို့သိရပါတယ်။ဦးစွာသုတေသနတွေဟာ အမျိုးသမီးတွေကိုပြုလုပ်တာဖြစ်ပေမယ့် နောက်ပိုင်းမှာတော့ အမျိုးသားတွေပါ တစ်ရက်ကို ကော်ဖီတစ်ခွက်သောက်ရုံနဲ့တင်စိတ်ကျရောဂါ ဖြစ်နိုင်ခြေနည်းပါးတယ်လို့သိရပါတယ်။ကော်ဖီဟာ စိတ်ခံစားမှုနဲ့ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်စေတဲ့ dopamine ဓာတ်ကို ဦးနှောက်ထဲမှာတိုးစေပြီးတော့စိတ်ကျရောဂါကို ကာကွယ်ပြီးတော့ ကုသပေးနိုင်တဲ့ ကွန်ပေါင်းဓာတ်တွေ တိုးပွားစေပါတယ်လို့သိရပါတယ်။

ကင်ဆာဆဲလ်များကို တိုက်ဖျက်ခြင်း။

လေ့ လာမှုတွေအရ အမျိုးသမီးတွေမှာ ကော်ဖီသောက်သုံးမှုများလေလေ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနိုင်ချေနည်းလေလေဖြစ်တယ်လို့သိရပါတယ်။ သာမန်လူထက် ကော်ဖီ

ဝိုး

(၂) ခွက်လောက် ပိုသောက်သုံးတဲ့အမျိုးသမီးတွေမှာ ကင်ဆာဖြစ်နိုင်ခြေ ၃၄ ရာခိုင်နှုန်းလျော့နည်းစေတယ်လို့သိရပါတယ်။ ဒါတင်မကသေးပါဘူး ဂျပန်နိုင်ငံမှာ ကော်ဖီအရမ်း သောက်တဲ့ သက်လတ်ပိုင်းအရွယ်လူတွေကို လေ့လာမှုပြုလုပ်တဲ့အခါမှာလည်း အူမကြီးကင်ဆာဖြစ်နိုင်ချေ ၃၇ ရာခိုင်နှုန်းပိုနည်းတယ်လို့သိရပါတယ်။

အသက်ရှူလမ်းကြောင်းကောင်းမွန်စေခြင်း။

ကော်ဖီသောက်သုံးခြင်းဟာ အသက်ရှူလမ်းကြောင်းကိုကောင်းမွန်စေပြီးတော့အဆုတ်ထဲကို အောက်ဆီဂျင် ပိုမိုရောက်စေပြီးတော့ သန့်ရှင်းစေတယ်လို့ သိရပါတယ်။

နောက်တစ်ချက်အနေနဲ့ ချောကလက်မှာပါတဲ့ ကဖီးဓာတ်ဟာ ရင်ကျပ်ရောဂါကို ကာကွယ်ပေးနိုင်တဲ့ အာနိသင်ရှိပြီးတော့ တချို့လေထုညစ်ညမ်းမှုကပါတဲ့ မသန့်ရှင်းတဲ့အရာတွေကနေ အဆုတ်ကို ကာကွယ်ပေးပါတယ်။

အသည်းကို အကာအကွယ်ပေးခြင်း။

လက်ရှိအချိန်မှာ ကော်ဖီဟာ အသည်းကို အကောင်းဆုံးအကာအကွယ်ပေးနိုင်တဲ့ ကုထုံးတစ်မျိုးအဖြစ် နာမည်ကြီးနေပါတယ်။ ကော်ဖီသောက်သုံးခြင်းဟာအသည်းကြီးခြင်းကိုအကာအကွယ်ပေးနိုင်ပြီး အဆီဖုံးခြင်းတို့ကို အကာအကွယ်ပေးပါတယ်။ ဒါ့အပြင် တစ်ရက်ကို ကော်ဖီတစ်ခွက် (သို့) တစ်ခွက်ထက်ပိုသောက်ခဲ့မယ်ဆိုရင် အသည်းကင်ဆာဖြစ်ပွားနိုင်မှု ၂၈ ရာခိုင်နှုန်းလျော့နည်းစေတယ်လို့သိရပါတယ်။

■

STRATEGY FIRST INSTITUTE

NCC education

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက်

ယူကေမှ စီးပွားရေးဘွဲ့ပထမနှစ်နှင့် ညီမျှသော စနေ၊ တနင်္ဂနွေတစ်နှစ်သင်တန်း

Level 4 Diploma in Business

First Semester တွင် သင်ကြားမည့်ဘာသာရပ်များ

1. Introduction to Finance - Saturday: 12:30 pm to 3:00 pm | Daw Htay Htay Myint
2. Essentials of Management - Saturday: 3:00 pm to 5:00 pm | Dr. Daw Aye Thandar Soe
3. Fundamental of Economics - Sunday: 7:00 am to 10:00 am | Daw Thida Myint
4. Business Mathematics - Sunday: 11:30 am to 2:30 am | Daw Thida Han

Second Semester တွင် သင်ကြားမည့်ဘာသာရပ်များ

Communications for Business | Understanding Business Organizations | e-Business | Principles of Marketing

ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

သင်တန်းကြေးနှင့် Scholarshipများ

ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ

L4DB Tuition Fees: 2,480,000 Ks | L4DB NCC Assessment Fees - 320 GBP

သင်တန်းကြေးကို ၃ ရစ် (သို့) ၉ ရစ် ခွဲသွင်းနိုင်ပါသည်။ ဂုဏ်ထူးရ ဘာသာရပ် အရေအတွက်အလိုက် ၇၅% အထိ သင်တန်းကြေး သက်သာခွင့်ရှိပါသည်။

CIM Professional Marketer များနှင့် MBA ဘွဲ့ရများအတွက်

CIM Dip in Professional Marketing

1. **Strategic Marketing | Friday - 6:00 to 8:30 pm**
2. **Digital Strategy | Wednesday - 6:00 to 8:30 pm**
3. **Mastering Metrics | Monday - 6:00 to 8:30 pm**

Module Fees: 468,000 kyats for each module | 1,150,000 kyats for all modules.

Registration Fees - 50 GBP per year | Exam Fees: 135 GBP per module

အတန်းသစ်များ၂၀၁၆၊ ဇန်နဝါရီလ (၈) ရက် စတင်ဖွင့်လှစ်မည်။ Strategic Marketing နှင့် Digital Strategy ဘာသာရပ်များကို တစ်ခုချင်းစီ ဖွေးရှယ်တက်ရောက်နိုင်ပြီး Strategic Marketing ဘာသာရပ်အတွက် ICMမှ စာမေးပွဲကိုဖြေဆိုကာ Single Subject Diploma ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို MLM လုပ်ငန်းများနှင့်ဂွင်းတို့၏ ဝန်ထမ်းများကို ဝန်ခံထောင်မှုမပေးပါ။

Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

CALL NOW: (09) 250 7171 66 ~ 68

ကိစ္စတစ်ခုကို ကိုင်တွယ်မဖြေရှင်းနိုင်ဘူးလို့ ထင်နေပါသလား။ ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ (၄)ခု မေးခွန်းလွှာ

t ([illegible]pw , f

၂၀၁၅ ခုနှစ်တွင်နေထိုင်သော လူသားတစ်ဦးဖြစ်သည်ဆိုပါကနေ့တစ်နေ့တာအတွက် လုပ်ဆောင်စရာကိစ္စရပ်များများစွာရှိနေတာကို လက်ခံရပါလိမ့်မယ်။ ပြီးစီးရမယ့် တာဝန်တွေ၊ တွေ့ဆုံရန် ချိန်းဆိုထားတဲ့ လူများ၊ ကျန်းမာရေးပြုပြင်ထိန်းသိမ်းမှုကို စစ်ဆေးဖို့၊ ဂရုစိုက်ဖို့၊ အလုပ်တွေကို စီမံခန့်ခွဲဖို့၊ အီးမေးလ်အကောင့် စစ်ဆေးဖို့ စသဖြင့် တစ်နေ့တာမှာ လုပ်ဆောင်ရမယ့်အရာတွေပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်များက တစ်နေ့တာလုပ်ဆောင်စရာများကို ရေးမှတ်ထားတဲ့စာရင်း (to do list) ကို ကျယ်ပြန့်စွာ အသုံးပြုခဲ့ပါတယ်။ ဒီလိုအသုံးပြုခဲတာကြောင့် ဒီနေ့မှာ ဒီဟာပြီးရင် နောက်တစ်ခုလုပ်ရမယ် ဘယ်လိုလုပ်ဆောင်သွားရမလဲဆိုတာကို ကြိုတွေးပြီးတော့အလုပ်မှာဖိအားပိုရလာခဲ့ပါတယ်။ အလုပ်တစ်ခုကို လုပ်ဖို့ ထိတ်လန့်ကြောက်ရွံ့နေရုံနဲ့ အဲဒီအလုပ်က ပြီးစီးသွားမှာ မဟုတ်ဘူးဆိုတာ အားလုံးသိရှိကြမှာပါ။

တစ်ခါတရံမှာ ချက်ချင်းအရေးကြီးအလျင်လိုတဲ့အလုပ်မျိုးကို ကိုင်တွယ်ဖြေရှင်းဖို့ရင်ဆိုင်လာရမယ်ဆိုရင်ပုံမှန်အားဖြင့်တော့ လူတိုင်းဟာ ရုတ်တရက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ရှုးချင်စိတ်ပေါက်မိတတ်ကြမှာပါ။ ငါဟာ အမြဲ ဒီအလုပ်တွေကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့အတွက် နည်းလမ်းမရှိတော့ဘူးလို့ အတွေးတွေမထားလိုက်ပါနဲ့၊ မိမိကိုယ်သာ မိမိအားကိုးရာဖြစ်ပါတယ်။ အဲဒီအစား အရင်ဆုံး စိတ်တည်ငြိမ်အောင်ထားပြီးမိမိစိတ်အာရုံမှာ တကယ်ဖြစ်ပေါ်လာမယ့် အစီအစဉ်လေးတစ်ခုကို ဒီမေးခွန်း (၄) ခုနဲ့ မိမိကိုယ်ကို ပြန်မေးကြည့်ပါ။

၁။ ဒီအချိန်ပိုင်းအတွင်းမှာဘယ်အရာကို ပြီးစီးဖို့ အမှန်တကယ်လိုအပ်မလဲ ။

လုပ်စရာတွေ အများကြီးရှိတယ်၊ ဘယ်ဟာကို လုပ်ရမလဲဆိုတဲ့ အတွေးမျိုး စိတ်ထဲမှာ အကြိမ်ဘယ်လောက်ဖြစ်ပေါ်ခဲ့တယ်ဆိုတာပြောပြနိုင်မှာမဟုတ်ပါဘူး။ဒီနေရာမှာအရေးမကြီးသေးတဲ့အရာတွေ အလျင်လုပ်ဖို့ မလိုတဲ့အရာတွေကို ဦးစွာစာရင်းချရေးလိုက်ပါ။ အဲဒီအရာတွေဟာလုံးဝအရေးမကြီးဘူး။ပြီးစီးအောင်လုပ်ဖို့မလိုဘူးလို့ မတွေးလိုက်ပါနဲ့။ လောလောဆယ် ဒီအချိန်မှာ ပြီးစီးအောင်ဆောင်ရွက်ဖို့ မလိုအပ်သေးတာပဲ ဖြစ်ပါတယ်။

သင့်ရဲ့ဒီနေ့လုပ်ရမယ့်စာရင်းကိုအကဲဖြတ်ရန်နှင့်ဆုံးဖြတ်ရန် လိုအပ်ပါတယ်။ အရေးကြီးဆုံးကဘာလဲ၊ ဒါပြီးရင် နောက်လာမယ့် အရေးအပါဆုံးကဘာလဲ၊ နောက်တစ်နေ့မှာ ဘယ်အရာကို ဆက်လုပ်ရင် အဖြစ်နိုင်ဆုံးနဲ့ အဆင်ပြေဆုံးဖြစ်မလဲ စဉ်းစားဆုံးဖြတ်ဖို့ အရေးကြီးပါတယ်။ သင်ရဲ့လုပ်စရာရှိတာတွေကို အမျိုးအစားလေးမျိုးခွဲခြားလိုက်ပါ၊ (၁) အခုလုပ်ရမယ့် အလုပ်၊ (၂) ဒီနေ့ပြီးအောင်လုပ်ရမယ့် အလုပ်၊ ဒီတစ်ပတ်ထဲမှာလုပ်ရမယ့်အလုပ်၊ (၄) နောက်မှ လုပ်လို့ရမယ့် အလုပ်တွေဆိုပြီးတော့ ဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတာက အမှတ်စဉ် (၃) နဲ့ (၄) ကို အမှန်တကယ်လုပ်ဖို့ လိုအပ်လာတဲ့အချိန်မှကြည့်ရပါမယ်။ လက်ရှိအချိန်မှာတော့ ခေါက်ထားလိုက်ပါ။ ဒါမှ သင့်အပေါ်မှာရှိတဲ့ ဖိအားတွေ လျော့ကျသွားမှာ ဖြစ်ပါတယ်။

၂။ အချိန်ဘယ်လောက် အမှန်တကယ် လိုအပ်မလဲ ။

တစ်ခါတရံအားလုံးပြောမိတတ်တဲ့စကားရှိတယ်။အချိန်တွေကို နောက်ပြန်ဆုတ်လို့ရရင် သိပ်ကောင်းမှာပဲ၊ အချိန်တွေကို ရပ်ထားချင်လိုက်တာ၊ အချိန်တွေ ကုန်တာ သိပ်မြန်တာပဲ စသဖြင့်ပေါ့လေ။လက်တွေ့ကျကျစဉ်းစားကြည့်လိုက်ပါ၊ တစ်နေ့မှာ ၂၄ နာရီသာ ရှိပါတယ်။ ဒါကြောင့်ကိုယ့်မှာရရှိထားတဲ့အချိန်အတွင်းမှာ လုပ်ဆောင်ရမယ့် အလုပ်တွေအတွက် အချိန်ဘယ်လောက်လိုအပ်မလဲဆိုသေချာတွက်ချက်ထားဖို့ လိုပါလိမ့်မယ်။အားလုံးဟာကျောင်းသားဘဝကို ဖြတ်သန်းဖူးတဲ့သူတွေ ဖြစ်မယ်ဆိုရင် ငယ်ငယ်က ကျွန်တော်တို့အချိန်ဇယားဆွဲပြီး စာကျက်ဖူးတာကို သတိရလိုက်ပါ။ ထိုအတိုင်းပါပဲ၊ အလုပ်တွေကို ကိုင်တွယ်ဆောင်ရွက်တဲ့ နေရာမှာလည်း သူ့နေရာနဲ့သူ သူ့အချိန်နဲ့သူ ဟန်ချက်ညီအောင် စီမံတတ်ဖို့လိုပါတယ်။

ဒုတိယပြင်သင့်တစ်နေ့တာဆောင်ရွက်ရမယ့် စာရင်းထဲမှာလုပ်ရမယ့်အရာတွေကိုမှန်ကန်စွာ နေရာချထားလာနိုင်ပါလိမ့်မယ်။ ဘယ်အရာမှာတော့ သင့်ရဲ့အာရုံစူးစိုက်မှုတစ်ခုလုံး လိုအပ်မလဲ သိဖို့လိုပါတယ်။ ဆိုပါစို့ ကျွန်တော်တို့ နေ့လယ်စာစားနေစဉ်အတွင်းမှာ ဘယ်အရာကို တစ်ချိန်ထဲလုပ်နေနိုင်မလဲ၊ နေ့လယ်အစည်းအဝေးလုပ်နေစဉ်အတွင်းမှာ လုပ်စရာရှိတဲ့ အလုပ်တွေကို ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက် ဒါမှမဟုတ် ကိုယ့်ရဲ့ဝန်ထမ်းတစ်ယောက်ကို လုပ်ပေးဖို့တာဝန်လွှဲထားပေးနိုင်မလား၊ ဘယ်အရာတွေကိုတော့ ခရီးသွားနေစဉ်တစ်ချိန်ထဲမှာ ပြီးစီးသွားအောင် လုပ်ဆောင်နိုင်မလဲ စတဲ့ အသေးစိတ်အချက်လေးတွေကအစ နားလည်သဘောပေါက်နေဖို့ လိုပါတယ်။ ဒီအချက်လေးတွေကို သေချာစီစဉ်တတ်မယ်ဆိုရင် ကိုယ့်ရဲ့ တစ်နေ့တာမှာ အားလုံးအံဝင်ခွင်ကျပြီး အလုပ်တွေကို ပြီးစီးစေမယ့် လျှို့ဝှက်ချက်လေးတွေ ဖြစ်နေမှာပဲဖြစ်ပါတယ်။

၃။ ဖိအားတွေကို ကျော်လွှားဖို့ အတွက် အကောင်းဆုံးနည်းလမ်းက ဘာဖြစ်မလဲ။

တစ်နေ့လုပ်ဆောင်စရာများကို ရေးမှတ်ထားတဲ့စာရင်းမှာပါတဲ့အလုပ်တွေကိုကိုင်တွယ်ဖြေရှင်းဖို့အတွက် ယခုအခါမှာ နည်းလမ်းမျိုးစုံရှိပါတယ်။ ဒါပေမဲ့ သင်ရွေးချယ်လိုက်တဲ့ နည်းလမ်းဟာ သင်အလုပ်လုပ်တဲ့နေရာမှာ အကျိုးရှိဖို့တော့ လိုပါမယ်။ တချို့လူတွေက အခက်ခဲဆုံးအလုပ်တွေကိုကိုင်တွယ်ဖြေရှင်းရတဲ့အခါမှသာ အကြံဉာဏ်ကောင်းစိတ်ကူးကောင်း၊ နည်းလမ်းကောင်းတွေ ပေါ်လာပြီး သူတို့အလုပ်မှာ ပိုမိုထူးချွန်စွာ လုပ်ဆောင်နိုင်တာတွေ့ရပါတယ်။ တစ်ချို့ကတော့ လွယ်ကူရိုးရှင်းတဲ့အလုပ်တွေနဲ့ စတင်လုပ်ဆောင်ဖို့ အားသန်ပြီး ထိုမှတစ်ဆင့် သူတို့ရဲ့မိမိကိုယ်ကိုယုံကြည်မှုကို တဖြည်းဖြည်းမြှင့်တင်သွားဖို့ သဘောကျကြပါတယ်။ ဘာနဲ့တူလဲဆိုလို့ရှိရင် ၄င်းအများစုဟာ နေ့ဘက်မှာ ဝမ်းစာရေးအတွက် အစာရှာတဲ့ အလုပ်ကို လုပ်ကြပြီး ဇီးကွက်လို ၄င်းတွေကတော့ ညဘက်မှသာ လှုပ်ရှားလေ့ရှိကြပါတယ်။

လူတွေဟာမိမိရဲ့အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းကို မိမိကိုယ်တိုင် သိပါတယ်။ ဒါကြောင့် အားသန်ရာကို အကောင်းဆုံးအသုံးချပြီး ကိုယ်ပိုင်ပုံစံတစ်ခုအနေနဲ့အခက်အခဲတွေကိုရင်ဆိုင်ကျော်လွှားသွားဖို့ အရေးကြီးဆုံးပဲဖြစ်ပါတယ်။ တစ်ခု သတိထားရမှာက အမှန်တကယ် အလုပ်ကိုလုပ်နေရမယ့်အစားဘယ်လိုလုပ်ရမလဲဆိုပြီး အစီအစဉ်ဆွဲနေတာနဲ့ပဲ သင့်ရဲ့အချိန်တွေကို မဖြုန်းမိစေဖို့ပဲ ဖြစ်ပါတယ်။

၄။ စိတ်ဖိစီးမှုတွေကို ပေါ့ပါးသက်သာလာအောင် ဘာလုပ်နိုင်မလဲ။

ကျွန်တော်ကတော့ ဖိအားတွေ ရလာပြီလို့ ခံစားရတဲ့အချိန်မှာ ဘာမှမစဉ်းစားတော့ဘဲ ကျွန်တော့်အခန်းကို သန့်ရှင်းရေး လုပ်ပါတော့တယ်။ဒီလိုလုပ်လို့ရင်ဆိုင်နေရတဲ့ကိစ္စရပ်တွေ ပြီးစီးမသွားပေမယ့် သန့်ရှင်းရေးလုပ်တာဟာ တစ်စုံတစ်ခုတော့ကူညီပေးနိုင်ပါလိမ့်မယ်။ သန့်ရှင်းရေးလုပ်နေစဉ်အတွင်းမှာကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်နိုင်တယ်၊ ပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ အာရုံစူးစိုက်မိစေတယ်၊ ဒီနေ့ ဘာတွေလုပ်ရမလဲဆိုတာနဲ့ ပက်သက်ပြီး စိတ်ကူးကောင်းလေးတွေ ခံစားရနိုင်ပါတယ်။ တစ်ခါတရံမှာတော့ လုပ်စရာအလုပ်တွေမည်မျှ ပင်ရှိလင့်ကစားအဲဒီအလုပ်တွေကိစ္စရပ်တွေကို ကိုင်တွယ်ဖြေရှင်းမှု မလုပ်ခင်မှာ ကိုယ့်အခြေအနေကို ပြန်လည်သုံးသပ်တတ်ဖို့ စုစည်းဖို့ လိုပါတယ်။

ဒီတော့ သင်ရဲ့စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေဖို့အတွက် အကူအညီ အထောက်အကူပြုပေးနိုင်မယ့် အရာတွေရှိတာကို သင်သိလိမ့်မယ်ဆိုရင် ဒီအရာတွေကို သင်ကိုယ်တိုင် လုပ်ကြည့်ဖို့လိုပါလိမ့်မယ်။ ၁၅မိနစ်ခန့်တရားထိုင်ပါ၊ စိမ်းစိမ်းစိုစိုရှိပြီး လေကောင်းလေသန့်ရတဲ့ လမ်းပေါ်မှာထွက်လျှောက်ပါ၊ရုံးပြတင်းပေါက်ကနေ အပြင်ကိုကြည့်နေရင်း ကော်ဖီခွက်လေးကို ကိုင်ထားပြီးနည်းနည်းစီသောက်ပေးပါ။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်များကို ညကကြည့်ခဲ့တဲ့ဇာတ်ဝင်ခန်းကို ပြောပြပြီးဆွေးနွေးကြည့်ပါ၊ ရယ်စရာဟာသများပြောပေးပါစသဖြင့်စိတ်သက်သာရာ ရစေနိုင်တဲ့ အရာတွေကို လုပ်ပေးနိုင်ပါတယ်။

တစ်နေ့တာ လုပ်ဆောင်စရာစာရင်းမှာ ပါတဲ့အချက်တွေက သင့်ကိုလွှမ်းမိုးနေတယ်လို့ ခံစားနေရမယ်ဆိုရင် ဒါဟာ သာမန် ခံစားမှုမျိုးသာဖြစ်ပါတယ်။တကယ်တော့ဒီအလုပ်တွေကို ကိုင်တွယ်စီမံသွားဖို့အတွက်ဘယ်နည်းလမ်းက သင့်အတွက် အလုပ်ဖြစ်မလဲဆိုတာ စဉ်းစားထားဖို့ပိုအရေးကြီးပါတယ်။ အထက်မှာမေးခဲ့တဲ့ မေးခွန်းတွေကိုကိုယ့်ကိုယ်ကိုယ်မေးကြည့်ပြီးပြီ ဆိုရင်တော့ အလုပ်စရာအလုပ်တွေ မည်မျှပင်များနေပါစေ ဘယ်လောက်ပဲ ခက်ခဲနေပါစေ တဖြည်းဖြည်း ဘယ်ကစရမလဲဆို ပုံပေါ်လာပြီးတော့ အားလုံးကို ကျော်လွှားအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ■

Jack Ma

ငယ်ရွယ်စဉ်က Ma ဟာ အင်္ဂလိပ်စာကို အလွန်သင်ချင်ခဲ့ပြီး သူ့ရဲ့စက်ဘီးနဲ့ မြို့ထဲမှာ ရှိတဲ့ဟိုတယ်တွေကို သွားကာ လာတည်းကြတဲ့ နိုင်ငံခြားသားတွေနဲ့ စကားပြောရင်းကနေ သင်ယူခဲ့ပြီးတော့ အဲဒီနိုင်ငံခြားသားတွေကို မြို့အနှံ့ အခမဲ့လိုက်လံပြသခဲ့ပါတယ်။ သူပြန်တောင်းဆိုခဲ့တာကတော့ လိုက်ပြပေးတဲ့အတွက် သူ့ကို အင်္ဂလိပ်စာပြန်သင်ပေးဖို့ပါပဲ။

ဆယ်ကျော်သက်အရွယ်ရောက်လာတဲ့ အခါမှာ Ma ဟာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို သုံးကြိမ်ဆက်တိုက်ကျရှုံးခဲ့ပါတယ်။ သူဟာ အလုပ်အကိုင်များစွာကို လျှောက်ခဲ့ပေမယ့် ဘယ်အလုပ်မှ ရရှိခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒီအလုပ်တွေထဲ KFC လည်းပါဝင်ခဲ့တယ်လို့သိရပါတယ်။

Jack Maဟာကွန်ပြူတာနဲ့ coding ပိုင်းမှာ ဘာအတွေ့အကြုံမှ မရှိပေမယ့် ၁၉၉၅ မှာ အမေရိကန်နိုင်ငံကို အလည်ပတ်သွားခဲ့စဉ် က ပထမဆုံးအကြိမ် အင်တာနက်ကို အသုံးပြုပြီးတဲ့နောက်မှာတော့ အင်တာနက်ကိုစွဲလမ်းခဲ့ပါတယ်။ ပြီးတဲ့နောက် Ma ဟာ ဘာသာပြန်လုပ်ငန်းကို စတင်ပြီး တရုတ်လုပ်ငန်းများ ငွေပေးချေရေးအဆင်ပြေဖို့ လုပ်ဆောင်ခဲ့ပါတယ်။ Ma ရဲ့ပထမဆုံး အင်တာနက်ပေါ်ရှာဖွေမှုဟာ beer ဖြစ်ပေမယ့် ဘယ်တရုတ်ဘီယာမှ အင်တာနက်မှာ ရှာလို့မရခဲ့ပါဘူး။ အဲဒီနောက်မှာတော့ သူဟာ တရုတ်နိုင်ငံအတွက် အင်တာနက် ကုမ္ပဏီတည်ထောင်ဖို့ဆုံးဖြတ်ခဲ့ပါတော့တယ်။

ပထမဆုံးလုပ်ဆောင်ခဲ့တဲ့ လုပ်ငန်း (၂) ခုက ကျရှုံးခဲ့တယ်ဆိုပေမယ့် လေးနှစ်အကြာမှာတော့ သူငယ်ချင်း ၁၇ ယောက်နဲ့ပူးပေါင်းပြီး Alibaba လို့အမည်ရတဲ့ လုပ်ငန်းကို တည်ထောင်ခဲ့တာပါတယ်။ Ma ဟာ ဒေါ်လာ ခြောက်သောင်းချေးပြီး ဒီဝက်ဘ်ဆိုက်ကို စတင်ခဲ့တာဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ ကုန်ပစ္စည်းတင်ပို့သူတွေဟာ သူတို့ရဲ့ ပစ္စည်းတွေကို တင်ထားပြီး ဝယ်ယူလိုသူတွေက တိုက်ရိုက်ဝယ်ယူနိုင်ပါတယ်။

Ma ဟာ San Francisco က ကော်ဖီဆိုင်အတွင်းထိုင်နေခဲ့စဉ်ကကုမ္ပဏီကို Alibaba လို့ပေးဖို့အကြံရခဲ့တာဖြစ်တယ်လို့သိရပါတယ်။ Alibaba နဲ့ ခိုးသားလေးဆယ် ပုံပြင်ထဲက နာမည်ကိုယူပြီးတော့အသေးစားနဲ့အလတ်စား စီပွားရေးလုပ်ငန်းတွေ ချမ်းသာကြွယ်ဝလာ အောင်ချိတ်ဆက်ပေးနိုင်တဲ့ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်ခဲ့တာဖြစ်ပါတယ်။

၁၉၉၉ခုနှစ် အောက်တိုဘာလမှာတော့ ကုမ္ပဏီဟာ Goldman Sachs ကနေ ဒေါ်လာ (၅) သန်းတန် ရင်းနှီးမြှုပ်နှံမှုကို ရရှိခဲ့တဲ့အပြင် SoftBank ကလည်း ဒေါ်လာ သန်း ၂၀ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာတော့ Yahoo ဟာ Alibaba အတွင်း ဒေါ်လာ (၁) ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ရှယ်ယာ ၄၀ ရာခိုင်နှုန်းကို ပြန်လည်ရယူခဲ့ပါတယ်။ ဒါဟာ အဲဒီအချိန်အခါ တုန်းက တရုတ်နိုင်ငံအတွင်းမှာ eBay နဲ့ ယှဉ်ပြိုင်နေရတဲ့ Alibaba အတွက် အကြီးမားဆုံးနဲ့ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်ခဲ့ပါတယ်။နောက်ပိုင်းမှာ Ma ရဲ့ကုမ္ပဏီဟာ ကမ္ဘာတစ်ဝန်းလုံးက အသေးစားနဲ့အလတ်စား လုပ်ငန်းတွေအတွက် အကောင်းဆုံး ဆုံမှတ်တစ်ခုဖြစ်လာခဲ့ပါတော့တယ်။

အောင်မြင်သူတိုင်းက အခွင့်အရေးကို အသုံးချတတ်သူများဖြစ်ပြီးမကြာခင်ဖြစ်ပွားခဲ့တဲ့ စီးပွားရေး ပျက်ကပ်က လုပ်ငန်းတိုးတက်ဖို့ အတွက် နည်းလမ်းသစ်များရှာဖွေရန် အခွင့်ကောင်းဖြစ်တယ် လို့ Ma က ဆိုခဲ့ပါတယ်။

Ma ဟာ စွန့်ဦးတီထွင်လုပ်ငန်းရှိတစ်ဦးအဖြစ် Forbes မဂ္ဂဇင်းမှာ ပထမဆုံးဖော်ပြခံခဲ့ရတဲ့တရုတ်နိုင်ငံသားတစ်ဦးလည်းဖြစ်ပါတယ်။ ၂၀၁၃ နိုဝင်ဘာမှာ Alibaba ရဲ့ လျှော့ဈေးကာလအတွင်း ဝင်ငွေဟာ တစ်ရက်ကို ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကစပြီး Jack Maဟာ တရုတ်နိုင်ငံရဲ့ အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်လာခဲ့တယ်။ Forbes ရဲ့အဆိုအရ ၂၀၁၅ ခုနှစ်အတွင်း Jack ရဲ့စုစုပေါင်း ပိုင်ဆိုင်မှုဟာ ဒေါ်လာ ၂၇ ဘီလီယံ ရှိတယ်လို့သိရပါတယ်။ ■

၀ရ

c\uf , jf\wf , f

ဒီတစ်ပတ်မှာတော့ အားလပ်ရက်လေးမှာ လွယ်ကူပြီး oven မလိုတဲ့ ချိစ်ကိတ်လေး လုပ်စားကြရအောင်။ ချိစ်ကိတ်ပြုလုပ်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေကတော့

cream cheese - ၂၀၀ ဂရမ် (ဗူးသေးတစ်ဗူး)၊ whipped cream – ၂၅၀မီလီလီတာ (ဘူးသေးတစ်ဘူး)၊ ကြက်ဥ - ၂ လုံး၊ သကြား - ထမင်းစားဇွန်း (၄) ဇွန်း၊ ဆား - အနည်းငယ်၊ သံပုရာရေ - လက်ဖက်ရည်ဇွန်း (၂) ဇွန်း ၊ ဘီစကတ်အလွတ် - ၁၀ ချပ် ၊ ထောပတ် - ထမင်းစားဇွန်း (၃) ဇွန်း၊ ပြောင်းဖူးမှုန့် - လက်ဖက်ရည်ဇွန်း (၂) ဇွန်း။

ပထမဦးစွာ ဘီစကတ် (၁၀) ချပ်ကို အိတ်သန့်သန့်ထဲထည့်ကာ အမှုန့်များဖြစ်တဲ့အထိ ထုချေပေးပါ။ ဘီစကတ်မှုန့်များကို အရည်ပျော်ထားတဲ့ထောပတ်အနည်းငယ်နဲ့ ရောနယ်ပြီး စီးကပ်သွားအောင်ပြုလုပ်ပေးပါ။ ကိတ်မုန့်ဖုတ်မယ့် ထမင်းအိုး (rice cooker) ကို ထောပတ်အနည်းငယ်သုတ်ပါ။ ပြီးရင် ထိုဘီစကစ်များကို ထူထူလေးနဲ့ညီညီလေးဖြစ်အောင်ဖိသိပ်ပေးပါ။ ဒီအပိုင်းကအရေး ကြီးပါတယ်။ သေသေချာချာ လေးဖိ ထည့်ပေးပါ။ ကိတ်မုန့်ရဲ့အောက်ခံမုန့်သားဖြစ်ပါတယ်။

ဇလုံတစ်ခုထဲကို ချိစ်ကရင်မ်ကို ထည့်ပါ။ ချိစ်ကရင်မ်ကို supermarket တွေမှာ ရရှိနိုင်ပါတယ်။ (၂၀၀ ဂရမ်ဆိုတာ ဗူးသေးတစ်ဗူးဆိုရပါတယ်)။ ကရင်မ်ချိစ် အတုံးတွေကို ဇွန်းနဲ့ အနည်းငယ်ဖိချေပေးပါ။ အဲဒီနောက် ကြက်ဥ နှစ်လုံးစလုံးထည့်ပါ။ သကြား၊ ဆား၊ ပြောင်းဖူးမှုန့်တို့ကို ရောနှောပေးပါ။ အဲဒီအရောအနှောထဲကို whipped cream တစ်ဗူးဖောက်ထည့်ပါ။ ကြက်ဥမွှေတံနဲ့ မွှေပေးရင်ရပါပြီ။ နောက်ပြီး သံပုရာရည်ထည့်ပေးပါ။ ပျစ်ပျစ်ကလေးဖြစ်တဲ့ အထိမွှေပေးပါ။

ခုနကပြုလုပ်ထားတဲ့ ဘီစကစ်အောက်ခံ ထည့်ထားတဲ့အိုးထဲကို ချိစ်အရောအနှော ထည့်ပါ။ မျက်နှာပြင်ညီပေးပါ။ ပြီးရင် ထမင်းချက်သလို ခလုတ်နှိပ်ထားလိုက်ပါ။ မိနစ်အနည်းငယ်ကြာတဲ့အခါ ထမင်းအိုး ခလုတ်

arouEڈ

ပြန်တက်လာပါက ဝါးတူလေးနဲ့ထိုးကြည့်လိုက်ပါ။ မုန့်သားလေးများ ကပ်မပါလာတော့ပါက ချိစ်ကိတ်လေး ကျက်ပြီဖြစ်ပါတယ်။ မုန့်သားများ ကပ်ပါလာပါက ခလုတ်ထပ်နှိပ်ပြီး တည်ပေးပါ။

အဆီခံစက္ကူလေးကို စက်ပိုင်းပုံစံဖြတ်ပြီး အပေါ်က အုပ်ပေးပါ။ ပြီးရင် ရေခဲသေတ္တာထဲ ထည့်ပြီး အအေးခံပေးပါ။

အအေးခံထားတဲ့ ကိတ်မုန့်လေးကိုထုတ်တဲ့အခါမှာတော့ ဂရစိုက်ပေးဖို့လိုပါတယ်။ ပန်းကန်ပြားပေါ်သို့ စက္ကူဖက်ကို ပြောင်းပြန်လှန်ချပါ။ နောက်ထပ် ပန်းကန်ပြားတစ်ခုနဲ့ အုပ်ကာ ထပ်လှန်ပေးပါ။ ချိစ်ကိတ်လေးအဆင်သင့်ဖြစ်ပါပြီ။

ဆောင်းတွင်းလေးမှာ စတော်ဘယ်ရီတွေလည်း ပေါ်နေပြီဆိုတော့ ချိစ်ကိတ်ပေါ်မှာ စတော်ဘယ်ရီယိုလေးဆမ်း၊ စတော်ဘယ်ရီသီးလေးတွေတင်ပြီး ချိုချဉ်အီစိမ့်စိမ့်အရသာလေးနဲ့ ပိတ်ရက်လေးမှာ အရသာခံပြီး ကိုယ်တိုင်လုပ်စားကြရအောင်။

Ref: https://www.youtube.com/watch?v=ym4Bs_ret5o

ဘိုလို တောင်းပန်မယ်

ceFY kpd

လူတိုင်းဟာအမှားနဲ့မကင်းနိုင်ကြပါဘူး။ အမှားလုပ်ပြီးတဲ့အချိန်မှာ ကိုယ့်ရဲ့အမှားအတွက် ဝမ်းနည်းမှုကို ဖော်ပြပြီးတောင်းပန်နိုင်ဖို့ **expression** တွေသိထားဖို့လိုအပ်ပါတယ်။ တောင်းပန်တဲ့နေရာမှာလည်း နည်းလမ်းတွေအများကြီးရှိပါတယ်။ အသုံးဝင်တဲ့နည်းလမ်းတချို့ကတော့...

General, all-purpose apologies

(အခြေအနေအရပ်ရပ်အတွက် အသုံးပြုနိုင်တဲ့ တောင်းပန်နည်းများ)

'I'm sorry' ?'I'm so / very / really / genuinely sorry'

'I'm sorry if…'

For ex: 'I'm sorry if I made you feel bad.'

'I was wrong'

For ex: "I was wrong to suggest that we take this bus.
Now we're lost. I'm sorry."

"Excuse me"

For ex: When pushing your way off the subway,
you say "(please) excuse me!"

In informal situations (to friends, in everyday conversation)

(မိတ်ဆွေသူငယ်ချင်းတွေနဲ့ပြောဆိုတဲ့အခါ ရင်းရင်းနှီးနှီးပြောဆိုလို့ရတဲ့တောင်းပန်နည်းများ)

"I messed up"

For ex: "I know I shouldn't have used up all my money on video games.
I messed up."

"I shouldn't have said that?" " I made a stupid mistake"

In formal situations (at work, in a letter, in emails)

(အလုပ်ခွင်နဲ့ ယဉ်ကျေးစွာပြောဆိုတဲ့အခါ **email** နဲ့ ရုံးစာများမှာ အသုံးပြုနိုင်တဲ့ တောင်းပန်နည်းများ)

"Pardon me!"(spoken)

For ex, if you accidentally walk into someone you say "Pardon me!"

"I must apologise"

For ex: "I must apologise for being so rude to you."

"Please forgive me." "I'm awfully / terribly sorry"

"I cannot express how sorry I am"

"It / (something) was inexcusable"

For ex: "Calling you incompetent at the meeting was inexcusable"

"There is no excuse for my behaviour"

When opening formal letters and emails

(**Email** နဲ့ တောင်းပန်ရာမှာ စတင်ပြောဆိုနိုင်တဲ့ စကားများ)

"I would like to express my regret"

"I apologise wholeheartedly / unreservedly"

For ex: "I apologise wholeheartedly for the delay to your flight,
and offer you a full refund as compensation"

For finishing formal letters and emails

(**Email** စာ မှာ အဆုံးသတ်တောင်းပန်စကားများ)

Sincere apologies

Please accept my / our sincere apologies/ humblest apologies

My deepest apologies/ With deepest apologies.

Credit Englishtrackers.com

PROGRAM HIGHLIGHT

လုပ်ငန်းတိုင်းမှာမရှိမဖြစ်လိုအပ်တဲ့ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများကို နားလည်ဖို့အတွက် Financial Management ဘာသာရပ်

rsjpdk u EkdIf

STRATEGY FIRST INSTITUTE မှာ Institute of Commercial Management (ICM) UK က Single Subject Diploma ဘာသာရပ်များကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ယခုအပတ်မှာတော့ Financial Management ဘာသာရပ်အကြောင်းကို ဖော်ပြပေးသွားပါ့မယ်။

ဒီဘာသာရပ်မှာ အဓိကအားဖြင့် ကုမ္ပဏီလုပ်ငန်းတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ ကုမ္ပဏီအကောင့်ရေးဆွဲနည်း၊ ငွေသားအဝင်အထွက် အခြေအနေတွေကို ဖော်ပြ ပေး နိုင်တဲ့ Cash Flow Statement ရေးဆွဲနည်း၊ ဘဏ္ဍာရေးအခြေအနေများကစစ်ဆေးသုံးသပ်ဖို့ ratio analysis တွေ တွက်ချက်နည်းတွေ၊ ကုမ္ပဏီတွေရဲ့ ဘဏ္ဍာငွေ ကြိုတင် စီမံကိန်းချနိုင်ဖို့ အတွက် budgeting ရဲ့ အရေးကြီးတဲ့ လုပ်ဆောင်ချက်ကို အဓိကထားပြီး သင်ကြားပေးပါတယ်။ သင်ကြားမှုနဲ့ လက်တွေ့အတွေ့အကြုံတွေကို ချိတ်ဆက်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

Financial Management ဘာသာရပ်ကို လေ့လာသင်ယူခြင်းဖြင့် ရရှိနိုင်မယ့် အကျိုး

ကျေးဇူးတွေကတော့ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲသူတစ်ယောက်အနေနဲ့ တာဝန်ယူလုပ်ဆောင်ရမယ့်အခန်းကဏ္ဍတွေကို သိရှိနားလည်စေခြင်း၊ ကိုယ့်လုပ်ငန်းအတွက်ခိုင်မာမှုရှိတဲ့ရင်းနှီးမြှုပ်နှံမှုပုံစံတွေကို အစီအစဉ်များရေးဆွဲထားနိုင်ခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်တွေမှာ ကြံ့ဖွေ့လာနိုင်သည့် ဆုံးရှုံးမှု (risk) တွေကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းတိုးချဲ့ဖို့ လိုအပ်လာမည့် မတည်ရင်းနှီးမြှုပ်နှံငွေများ ရရှိနိုင်မည့် အရင်းအမြစ်နည်း လမ်းအသွယ်သွယ်ကိုတတ်သိနားလည်စေခြင်း၊ လုပ်ငန်းငွေကြေး လှည့်လည်စီးဆင်းရာမှာ ကိုယ်ပိုင်ထည့်ဝင်ရင်းနှီးထားငွေတွေ၊ ချေးယူထားငွေတွေကိုဟန်ချက်ညီစွာထိန်းကြောင်းစီမံခန့်ခွဲနိုင်ခြင်း၊ ကုမ္ပဏီတွင်းဌာနတွေကတင်ပြလာတဲ့ ဘဏ္ဍာရေးအစီရင်ခံစာတွေနဲ့ ပတ်သက်တဲ့ စီမံအုပ်ချုပ်မှုဆိုင်ရာ မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်တွေ ချမှတ်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းရဲ့အရှုံးအမြတ်စာရင်းတွေကို နားလည်စေခြင်း၊ စတော့အိတ်ချိန်းရဲ့လုပ်ဆောင်ချက်အခန်းကဏ္ဍတွေနဲ့ ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ် ပြန့်ပြန့် နားလည်စေခြင်း စတဲ့အကျိုးကျေးဇူး တွေကို ရရှိစေနိုင်ပါတယ်။

ဒဲ့အပြင် အခုဆိုရင် မြန်မာနိုင်ငံမှာ စတော့အိတ်ချိန်းကို စတင်ဖွင့်လှစ်ခဲ့ပြီးစတော့ရှယ်ယာ ဈေးကွက် ပေါ်ပေါက်လာတော့မှာဖြစ်ပြီး ရှယ်ယာအရောင်းအဝယ်ပြုလုပ်ခြင်း ရှယ်ယာထုတ်ဝေရောင်းချခြင်းစတဲ့ ဈေးကွက်သဘောတရားအခြေခံကိုတတ်သိနားလည်တဲ့ကျွမ်းကျင်ပညာရှင်တွေလိုအပ်လာမှာဖြစ်သလို financial management ဘာသာရပ်ကို တတ်မြောက်ထားမှသာ ထိုဘဏ္ဍာရေးကိစ္စရပ်တွေကို ဆက်လက်လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ဒဲ့ကြောင့် ကိုယ်ပိုင်လုပ်ငန်းရှင်တွေ၊ senior manager တွေ၊ ငွေရေးကြေးရေး တာဝန်ယူလုပ်ဆောင်နေရတဲ့ အပိုင်းမှာမဟုတ်သော်လည်း ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို နားလည်ဖို့ လိုအပ်သူတွေနှင့်စိတ်ဝင်စားသူများ တက်ရောက်လေ့လာဆည်းပူးနိုင်ပါတယ်။ ■

စတော့အိတ်ချိန်းကြောင့် ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွင်းက ငွေလုံးငွေရင်း ရွှေ့ပြောင်းမှုတွေဖြစ်လာနိုင်တယ်လို့ဆို

ရန်ကုန်စတော့အိတ်ချိန်းကြောင့် အိမ်ခြံမြေဈေးကွက်အတွင်း ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံသူတွေ လျော့ကျသွား နိုင်တယ်လို့ အိမ်ခြံမြေလုပ်ငန်းရှင်အသိုင်းအဝိုင်းထံက သိရပါတယ်။

အခုလ (၉) ရက်နေ့မှာ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တရားဝင်စတင်ဖွင့်လှစ်ခဲ့ပြီး ရှယ်ယာအရောင်းအဝယ်တွေကိုနောက် (၃) လအကြာမှာ ပြုလုပ်တော့မှာမို့ အိမ်ခြံမြေဈေးကွက်အတွင်းကငွေလုံးငွေရင်းကစားသူတွေ စတော့ဈေးကွက်ကို ရွှေ့သွားနိုင်တယ်လို့ အိမ်ခြံမြေလုပ်ငန်းရှင်တွေက သုံးသပ်ကြပါတယ်။

မကျွန်းအိမ်ခြံမြေလုပ်ငန်းရှင် ဦးသန်းဦးက " မှန်ကန်တဲ့စီမံအုပ်ချုပ်မှုလည်းရှိမယ် လမ်းကြောင်းလည်း ရှိမယ်ဆိုရင် အိမ်ခြံမြေစီးပွားရေးက ကျစ်ကျစ်လစ်လစ်နဲ့ ကောင်းကို ကောင်းလာရမယ်။ အဲလိုဆိုအိမ်ခြံမြေဈေးကွက်ဖောင်းပွမှုလျော့ကျသွားမယ်" လို့ဆိုပါတယ်။

SFJ Team

ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားနဲ့ ကုက္ကိုင်းခုံးကျော်တံတား ပြီးစီးမှု ၆၀ ရာခိုင်နှုန်းကျော်ရှိ

ရန်ကုန်မြို့မှာဖြစ်ပေါ်နေတဲ့ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ဖြေရှင်းဖို့အတွက် ခုံးကျော်တံတားတွေကို တည်ဆောက်လျက်ရှိရာ ခုံးကျော်တံတားလေးစင်း တည်ဆောက်ပြီးစီးခဲ့ပြီး လက်ရှိမှာ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတား၊ ကုက္ကိုင်းခုံးကျော်တံတား၊ တာမွေခုံးကျော်တံတားတို့ကို တပြိုင်တည်း တည်ဆောက်လျက် ရှိပါတယ်။

တည်ဆောက်နေဆဲဖြစ်တဲ့ ရှစ်မိုင်လမ်းဆုံခုံးကျော်တံတားမှာ ၆၃ ရာခိုင်နှုန်းပြီးစီးနေပြီးကုက္ကိုင်းခုံးကျော်တံတားမှာ ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်လို့ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူတွေကပြောပါတယ်။

' Y ' ပုံသဏ္ဌာန် တည်ဆောက်သွားမယ့် တာမွေခုံးကျော်တံတားမှာ ၂၇ရာခိုင်နှုန်းခန့်သာပြီးစီးသေးတယ်လို့ တာဝန်ရှိသူတွေက ပြောပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရကမြေနီကုန်း၊ ရွှေဂုံတိုင်၊ လှည်းတန်းနဲ့ ဘုရင့်နောင်ခုံးကျော်တံတားတွေကို တည်ဆောက်ပြီးစီးခဲ့ပြီးကုန်ကျစရိတ်ကျပ် ၇၀ ဘီလီယံကျော် ရှိပါတယ်။

SFJ Team

နေပြည်တော်ကျောက်မျက်ပွဲကနေ ကျောက်မျက်ရောင်းရချင်ငွေ ကျပ်သန်း ၈၀,၀၀၀ ကျော် ရရှိ

ယမန်နေ့က ကျင်းပပြီးစီးခဲ့တဲ့ နေပြည်တော် ကျောက်မျက်ရတနာ ရောင်းချပွဲကနေ ကျောက်မျက်ရတနာ ရောင်းချရငွေ ကျပ် ၈၀,၈၄၁ သန်း ရရှိခဲ့တယ်လို့ ပြပွဲကျင်းပရေး ကော်မတီကသိရပါတယ်။

နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ကျောက်မျက်ပွဲကိုဒီဇင်ဘာ (၇) ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ကျင်းပခဲ့တာ ဖြစ်ပြီးကျောက်မျက်ရိုင်းတွေ၊ကျောက်စိမ်းအသား ကျောက်တွေကို မြန်မာ ကျပ်ငွေနဲ့ရောင်းချခဲ့တာဖြစ်ပါတယ်။

ကျောက်မျက်ပွဲအတွင်းကျောက်မျက်ရိုင်းအတွဲ ၁၅၂ တွဲ ပြသခဲ့ပြီး ကျောက်မျက်ရိုင်းအတွဲ ၇၅တွဲရောင်းချခဲ့ရပါတယ်။ ကျောက်စိမ်းအသား ကျောက်မျက်အတွဲ ၆၈၂၆ တွဲ ပြသခဲ့ပြီးကျောက်စိမ်းအသားကျောက်အတွဲ ၅၅၃၁ တွဲ ရောင်းချခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ် ဒေါ်လာနဲ့ ရောင်းချတဲ့ကျောက်မျက်ရတနာပြပွဲနဲ့ ကျပ်ငွေနဲ့ ရောင်းချတဲ့ ကျောက်မျက်ရတနာပြပွဲ နှစ်ပွဲခန့်ကို ကျင်းပပြုလုပ်ပေးလျက်ရှိပါတယ်။

SFJ Team

လက်ရှိဘဏ္ဍာနှစ် (၈) လတာကာလအတွင်း ကုန်သွယ်မှု ကန်ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံကျော်အထိရရှိ

၂၀၁၅-၁၆ ဘဏ္ဍာနှစ် (၈) လတာကာလအတွင်း ကုန်သွယ်မှု ကန်ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံ ကျော် အထိရရှိထားပြီလို့ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

အခုဘဏ္ဍာနှစ်နိုဝင်ဘာလကုန်ပိုင်းအထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁၃ ဒသမ ၂ ဘီလီယံကျော်အထိရရှိထားပြီး နယ်စပ်ကုန်သွယ်မှုမှကန်ဒေါ်လာ၄ ဒသမ ၄ ဘီလီယံကျော် အထိရရှိထားပြီး ဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိဘဏ္ဍာနှစ် အခုအချိန်အထိလယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ကန်ဒေါ်လာ ၁၅၈ သန်း၊ ရေထွက်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၈၀ သန်းကျော်၊ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှကန်ဒေါ်လာ ၈၄၀ သန်း ရရှိထားပါတယ်။

SFJ Team

အာရှစီးပွားရေးက လာမယ့်နှစ်အထိ ဆက်လက်ကျဆင်းနေဦးမယ်လို့ ခန့်မှန်း

အာရှစီးပွားကလာမယ့်နှစ်အထိ ဆက်လက် ကျဆင်းနေဦးမယ်လို့ ပညာရှင်တွေကခန့်မှန်းထားပါတယ်။ အာရှစီးပွားရေးက ၂၀၁၆ခုနှစ်မှာ ပိုမိုဆိုးရွားနိုင်တယ်လို့ ဂျပန်ဘဏ္ဍာရေးအဖွဲ့စည်းဖြစ်တဲ့ Nomura က သတိပေးပါတယ်။ ဂျပန်မပါဘဲ၊ ကျန်အာရှနိုင်ငံတွေရဲ့စီးပွားရေးကနောက်နှစ်မှာ ၅ဒသမ၇ရာခိုင်နှုန်းမှာပဲတန့်နေမယ်လို့ဆိုပြီး ၁၉၉၈ခုနှစ်နောက်ပိုင်း တိုးတက်မှုအနေးဆုံးဖြစ်ပါတယ်။

အာရှနိုင်ငံအများစုမှာအတိုးနှုန်းဖြတ်တောက်နေကြတာနဲ့ ရေနံဈေးကျဆင်းနေမှုကြောင့်၊ အာရှစီးပွားရေးတိုးတက်မှုကနောက်ငါးနှစ်အထိနေးကွေးနေနိုင်တယ်လို့Nomuraဘဏ္ဍာရေးအဖွဲ့မှ Rob Subbaraman ကပြောပါတယ်။

တရုတ်နိုင်ငံမှာဆောက်လုပ်ရေးကဏ္ဍ၊ အကြွေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုမှပြန်လည်ရရှိမှုနဲ့ လုပ်သားအင်အားစုတွေလျော့နည်းလာတာလို့ တိုးတက်မှုက နေးကွေးနေဦးမယ်လို့ သူကဆိုပါတယ်။

တရုတ်စီးပွားရေးဟာ စတော့ဈေးကွက် ကသောင်းကနင်းဖြစ်ပြီးနောက် ထုတ်လုပ်ရေးကဏ္ဍအပါအဝင်စီးပွားရေးထုတ်လုပ်မှုတွေကဏ္ဍတွေကျဆင်းလာနေပါတယ်။

CNA

အင်အားကြီး အီလက်ထရောနစ်ကုမ္ပဏီ ဖြစ်လာရန် Xiaomi ကြိုးစားမည်

Xiaomiကုမ္ပဏီဟာထုတ်လုပ်တဲ့ စမတ်ပစ္စည်းများကို ပိုမိုကောင်းမွန်ဖို့အတွက် အတူပေါင်းစီးလုပ်ဆောင်နေတဲ့ ကုမ္ပဏီသစ် ၅၆ ခုကို ထောက်ပံ့ပေးခဲ့ပြီး အိမ်သုံးအီလက်ထရောနစ်ပစ္စည်းလုပ်ငန်းဈေးကွက်ထဲကို ချဲ့ထွင်ဖို့အတွက်လည်းလုပ်ကိုင်နေတယ်လို့ ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိတစ်ဦးကပြောကြားခဲ့ပါတယ်။

ဒေါ်လာ ၄၅ ဘီလီယံ တန်ကြေးရှိတဲ့ တရုတ်ကုမ္ပဏီဟာ ကိုယ်တိုင်ထုတ်လုပ်တဲ့တီဗီများ၊စမတ်ဖုန်းများ၊ တက် ဘလက် များ၊ နက် ဝက် ခ် ပစ္စည်းများ ထုတ်လုပ်လျက်ရှိနေပေမယ့်အခြားကုမ္ပဏီတွေကထုတ်ကုန်များဖြစ်တဲ့ ရေသန့်စက်များ၊ နားကြပ်များကိုလည်းXiaomiတံဆိပ်နဲ့ရောင်းချနေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့Apple လို့ တင်စားခံရတဲ့ Xiaomi ဟာ ကုမ္ပဏီအတွက်အဝိုပစ္စည်းများ ထုတ်လုပ်ပေးနေတဲ့ကုမ္ပဏီငယ်များအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး ပြုလုပ်ထားပါတယ်။

ကုမ္ပဏီအနေနဲ့ကုမ္ပဏီငယ် ၅၆ ခုကို Xiaomi ရဲ့လုပ်ငန်းစုအတွင်းထည့်သွင်းကာ ခြားနားတဲ့ ထုတ်ကုန်များကို ထုတ်လုပ်ပြီး အထူးသဖြင့် ထုတ်လုပ်ဖူးခြင်းမရှိသေးတဲ့ ထုတ်ကုန်များကိုထုတ်လုပ်ဖို့ရည်မှန်းထားတယ်လို့ Barra ကဆိုပါတယ်။

CNBC

၂၀၁၇ မှာ ဆေးရွက်ကြီးထုတ်ကုန်များကို လူမြင်ကွင်းမှာ ရောင်းချခွင့်စင်ကာပူ ပိတ်ပင်မည်

စင်ကာပူနိုင်ငံမှာ ၂၀၁၇ ကစပြီး ဆေးရွက်ကြီးနဲ့ ပတ်သက်တဲ့ ထုတ်ကုန်များကို ဆိုင်များမှာ ပေါ်ပေါ်တင်တင် ရောင်းချခွင့်ပြုတော့မှာ မဟုတ်ဘူးလို့ဒီဇင်ဘာ (၉) ရက်ကစင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနကပြောကြားခဲ့ပါတယ်။

ဆေးရွက်ကြီးဥပဒေ (ကြော်ငြာခြင်းနှင့်ရောင်းချခြင်းကိုထိန်းချုပ်ခြင်း) ကို လွှတ်တော်မှာ အတည်ပြုပြီးနောက် ယင်းထုတ်ကုန်များကို စတိုးဆိုင်တွေက စင်များပေါ်မှာပေါ်တင်တင်ပြီး ရောင်းချမှုကို ပိတ်ပင်သွားမယ်လို့ဝန်ကြီးဌာနကကြေညာခဲ့ခြင်းဖြစ်ပါတယ်။

စတိုးဆိုင်များအနေနဲ့ လက်ရှိပစ္စည်းတင်တဲ့စင် များကို ပြန်လည်ပြုပြင်ခြင်း (သို့မဟုတ်) အသစ်တပ်ဆင်ခြင်းတွေလုပ်ရတော့မှာ ဖြစ်ပါတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးပစ္စည်းတွေကို၊ အကာအယံ၊ အလုံပိတ်စင်တွေနဲ့သာထည့်ပြီး ရောင်းချ ခြင်းကိုသာ ခွင့်ပြုမှာဖြစ်ပြီး ဆေးရွက်ကြီးနဲ့ ပတ်သက်တဲ့ ပစ္စည်းမှန်သမျှကို လူအများအမြင်မှ ဖယ်ရှားထားရမယ်လို့ သိရပါတယ်။

Nikkei

What consumers really want

Strategy First Times ရဲ့ Ted Talk ကဏ္ဍ Ted.com ကကမ္ဘာကျော်တွေနဲ့ interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ mobile phone နဲ့ပေးထားတဲ့ QR Code ကို camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore၊ App Store တို့ကနေ download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Joseph Pine ရဲ့ What consumers really want ဆိုတဲ့ video တိုလေးကို ဖော်ပြမှာဖြစ်ပါတယ်။

စီးပွားရေးလောရဲ့သမိုင်းကြောင်းတိုင်းကိုပြန်ကြည့်မယ်ဆိုရင် customer တွေရဲ့ လိုအပ်ချက်တွေဟာ တစ်သမတ်ထဲရှိနေတယ်ဆိုတာ မရှိပါဘူး။ စက်မှုထုတ်လုပ်ရေး ခေတ်တုန်းကဆိုရင် စီးပွားရေးလုပ်ငန်းတွေ အကုန် လုံးကထုတ်လုပ်မှုနဲ့ ဖြန့်ချိမှု စရိတ်သက်သာအောင်ကိုပဲ ဦးစားပေးပြီးတော့ထုတ်လုပ်ခဲ့ရာစားသုံးသူတွေအတွက် ရွေးချယ်စရာများများ စားစားသိပ်မရှိခဲ့ပါဘူး။ နောက်ပိုင်းမှာ စီးပွားရေးလောကရဲ့ quality အရည်အသွေးဦးစားပေးတဲ့ စီးပွားရေးစနစ်အဖြစ်ပြောင်းလဲလာပြီးတော့ ကုမ္ပဏီတိုင်းက အရည်အသွေးကောင်းတဲ့ ကုန်ပစ္စည်းတွေကိုပဲ ထုတ်လုပ်လာကြပါတယ်။ အခုခေတ်မှာတော့ စီးပွားရေးမှာ စစ်မှန်မှုနဲ့ တီထွင်ကြံဆနိုင်မှုက အရေးကြီးလာပါတယ်။ ဒီဗီဒီယိုထဲမှာ အသစ်အဆန်းဖြစ်မှုနဲ့ စစ်မှန်မှုက ဘာဖြစ်လို့သင့်ရဲ့စီးပွားရေးလုပ်ငန်းအတွက်အရေးကြီးတယ်ဆိုတာပြီးတော့ ဘယ်လိုရရှိနိုင်တယ်ဆိုတာကို Joseph Pine ဆိုတဲ့လူက ရေးသားထားပါတယ်။ Joseph Pine ရဲ့စီးပွားရေးအကြံပေးတစ်ယောက်ဘဝကို ပြန်ကြည့်မယ်ဆိုရင် IBM မှာ ထူးခြားတဲ့ ပရောဂျက်တစ်ခု စတင်ခဲ့ခြင်းကစခဲ့ပါတယ်။ သူဟာ ကွန်ပျူတာ အသစ်တစ်ခုထုတ်လုပ်ဖို့အကြံဉာဏ်ရဖို့အတွက် ဝန်ထမ်းတွေအပါအဝင် ဖောက်သည် customer တွေကို ပါခေါ်ပြီးတော့ လုပ်ကိုင်ခဲ့ပါတယ်။ ဖောက်သည်တွေရဲ့လိုအပ်ချက်တွေဟာ ကုန်ပစ္စည်း တစ်ခုထုတ်လုပ်ရာမှာ အရေးပါတာကြောင့် ခေါ်ခဲ့တာလို့ ဆိုပါတယ်။

စားသုံးသူတွေဟာ ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူတဲ့အခါမှာ စစ်မှန်ပြီးတော့ထူးခြားမှု ကိုလိုချင်ကြပါတယ်။ ထူးခြားမှုကိုရောင်းချရတာက ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ ထူးခြားမှုဆိုတာ ပုံသေမှတ်ယူလို့မရပါဘူး။ ဗီဒီယိုထဲမှာ တီထွင်ဆန်းသစ်မှု၊ ထူးခြားမှုအကြောင်းတွေကို Joseph Pine က သူ့ရဲ့အတွေ့ အကြုံတွေနဲ့ ယှဉ်ပြီးတော့ ပြောပြထားပါတယ်။

ဝေါ

■

Strategy First Times Crosswords



Clues-School Days

Across

1. teacher's boss
4. earned diploma
5. exam
7. prepare
10. additional assignment
11. reading facility

Down

2. learning place
3. manual
6. instructor
8. certificate
9. for storage

အရင်အပတ်မှ Crosswords အဖြေများ

Clues-Business

Across

1. credit
2. bank
3. charge
5. loan
7. profit
9. asset
10. customer

Down

1. cash
2. bill
3. company
4. account
6. audit
8. taxes

မင်္ဂလာဆုမွန်ကောင်း

Strategy First ကျောင်းသား ၊ ကျောင်းသူ မင်္ဂလာမောင်နှံ ကိုတိုးပြည့်အောင် နဲ့ မဝေဝေယု တို့ရဲ့ ၂၀၁၅ ဒီဇင်ဘာလ (၁၃) ရက်နေ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့်အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လက်တွဲဖြတ်သန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

Idea အသစ်အဆန်းတွေဖန်တီးရတာ ကြိုက်တယ်ဆိုတဲ့ Colorful Monde ဆိုင်ပိုင်ရှင် မဖြူဖြူသန့် နဲ့တွေ့ဆုံခြင်း

အုပ်စိုးငယ်မင်း၊ ဥာဏ်လင်းထက်၊ ချိုကိုချူး၊ မေရီယာန် (NCC- Batch -1)

ဒီတစ်ပတ် ရဲ့ Who's Who at Strategy First ကဏ္ဍမှာတော့ စိတ်ဝင်စားစရာကောင်းတဲ့ Hand-made လက်ကောက်၊ ဆွဲကြိုးတွေ၊ လယ်သာနဲ့ Fancy ပစ္စည်းလေးတွေ လုပ်ကိုင်နေတဲ့ မဖြူဖြူသန့်ရဲ့အကြောင်းကို ဖော်ပြပေးသွားမှာပဲဖြစ်ပါတယ်။

မဖြူဖြူသန့်ဟာ ပြည်မြို့မှာမွေးဖွားပြီး ရန်ကုန်မှာပဲကြီးပြင်းလာခဲ့ပါတယ်။ အထည်လုပ်ငန်းလုပ်ကိုင်တဲ့ မိဘတွေအတွက်ကြောင့် ငယ်စဉ်ကတည်းကအရောင်းအဝယ်နဲ့ပတ်သတ်ပြီးရင်းနှီးကျွမ်းဝင်ခဲ့ပါတယ်။ ကျောင်းမှာ ဆရာမတွေကို ပါတိတ်တွေ ပြန်လည်ရောင်းချခြင်းဖြင့် တစ်ဖက်တစ်လမ်းက ကိုယ့်ဝင်ငွေကိုရှာခဲ့ပါတယ်။ လွယ်အိတ်ထဲမှာစာအုပ်တွေအပြည့်ဖြည့်ပြီး ကျောင်းသွားမယ့်အစား ပါတိတ်အပြည့်နဲ့ ကျောင်းသွားရတာကို နှစ်သက်ခဲ့ပါတယ်။ ငယ်ငယ်တည်းကသူများနဲ့မတူအောင်နေတတ်တာ ကထူးထူးခြားခြားလေးပါပဲ။ အဲဒီစိတ်ကလေးကပဲ မဖြူဖြူသန့်ကို အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်အောင် တစ်ဖက်တစ်လမ်းကနေ တွန်းပို့ခဲ့ပေးတာပေါ့။

မဖြူဖြူသန့်က "ငယ်ငယ်ကတည်းက ကိုယ်ပိုင်လုပ်ငန်းလုပ်ချင်ခဲ့ပါတယ်။ အခုလည်း ကိုယ်ပိုင်လုပ်ငန်းလုပ်နေရတဲ့အတွက်စိတ်ကူးနဲ့ ထပ်တူနီးပါးကျပါတယ်" လို့ပြောပါတယ်။ ကိုယ်ပိုင်လုပ်ငန်းမလုပ်ခင် လုပ်ငန်းအတွေ့အကြုံ ရအောင် အကျီရောင်းတဲ့ ဆိုင်တစ်ဆိုင်မှာ အောက်ချေကနေစလုပ်ခဲ့ပါတယ်။ ဘယ်အရာ မဆိုယူတတ်ရင် အတတ်ပညာပါပဲလို့လည်း သူရဲ့ခံယူချက်ကို ထပ်ပြီးပြောဆိုပါတယ်။

လူတန်းစားအလွှာစုံကို ကိုယ်စားပြုနိုင်အောင် ဆိုင်နာမည်ကိုတော့ colorful monde (ရောင်စုံကမ္ဘာ) လို့ အမည်ပေးထားတယ်လိုဆိုပါတယ်။ Product နဲ့ customer ကသိပ်ပြီးရင်းနှီးကျွမ်းဝင်မှုမရှိသေးတာကြောင့် ကိုယ့် product ကို customer နဲ့ မိတ်ဆက်ပေးနိုင်အောင်နဲ့ လမ်းသွားလမ်းလာတွေ ဝင်ကြည့်နိုင်ဖို့ ဆိုင်အပြင်အဆင်ကို အရမ်း သားသားနားနားကြီးမလုပ်ထားပါဘူးလို့ဆိုပါတယ်။ ကိုယ်ရောင်းတဲ့ပစ္စည်းရဲ့အရည်အသွေး ဘယ်လောက်ပင်ကောင်းနေပါစေ ဆိုင်အပြင်အဆင်ကို လူတွေရှိန်နေပြီး ဝင်မလေ့လာတာမျိုးကို သူကရှောင်းရှားလိုတယ်လို့ ဆိုပါတယ်။

လက်ရှိမှာ Junction Square, Junction မော်တင် နဲ့ People's Park တို့မှာ ဆိုင်ခွဲတွေ ဖွင့်လှစ်ထားပါတယ်။ ထပ်ပြီးဖွင့်လှစ်ဖို့အတွက် ဈေးကွက်အခြေအနေကို လေ့လာနေတယ်လို့ ဆိုပါတယ်။ ၂၀၁၂ မှာ Lather ဆိုင်၊ ၂၀၁၄ မှာ Souvenir ဆိုင်တို့ကို စတင်ဖွင့်လှစ်ခဲ့ပြီး သူရဲ့ Hand Made လုပ်ငန်းလေးကို စတင်လည်ပတ်ခဲ့တာပါ။

မဖြူဖြူသန့်က "ပစ္စည်းထုတ်ရင် ယောက်ျားရော မိန်းမရော နှစ်ယောက်စလုံးကိုင်လို့ရတာပဲထုတ်ပါတယ်။ Accessory တွေ hand made တွေစသဖြင့်ဆိုင်မှာ အစားစားရှိတယ်။ ဆိုင်မှာပစ္စည်းလာမေးရင်လည်းမရှိဘူး၊ မသိ ဘူး၊ နားမလည်ဘူး ဆိုတာဘယ်တော့မှ မရှိစေရဘူးလို့ ခံယူထားတယ်လို့" ဆိုပါတယ်။ Customer တွေရဲ့လိုအပ်ချက်တွေကိုလည်း အမြဲတမ်းဦးစားပေးတယ်လို့ဆိုပါတယ်။ ဒုံအပြင် customer တွေက ဒီဇိုင်းပေးလာရင်လည်း စိတ်တိုင်းကျအောင်အမြဲဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။

"ကုန်ကျစရိတ်ပေါ်မူတည်ပြီး ဈေးနှုန်းကတော့အပြောင်းအလဲရှိပါတယ်။ Customer တွေကို ဝန်ဆောင်မှုပေးရတာ ကြိုက်တယ်။ ဈေးရောင်းရတာလည်းဝါသနာပါတယ်။ ကိုယ့်ဆိုင်မှာ လာဝယ်သူတွေကို ငါဆိုင်ရှင်ပဲဆိုပြီး ဘယ်တော့မှ သီးသန့်ဖြစ်နေတာမျိုးမလိုချင်ဘူး။ တချို့လည်သာလေးတွေဆိုရင်သူတို့ခြေထောက်လေးနဲ့ တော်မတော်ကိုယ်တိုင်တိုင်းပြီးဝတ်ပေးလိုက်ပေးသေးတယ်" လို့သူရဲ့အမှတ်တရအဖြစ်လေးကို ပြောဆိုပါတယ်။

Life Style ဆိုရင်တော့ လူ့ဘဝမှာ ပျံလွှားဌက်တစ်ကောင်လို ပေါ့ပေါ့ပါးပါးနေချင်တယ်။ အဲ့လိုနေရတာလည်းကြိုက်တယ်။ အရောင်တွေထဲမှာ dark ဖြစ်တဲ့အရောင်တွေ ကို ပိုကြိုက်တယ်။ အဲဒါကြောင့် ကိုယ်ထုတ်တဲ့ product တွေက အမှိုင်းပိုများတယ်။

သူရဲ့ရှေ့ဆက်မယ့်အနာဂတ် အစီအစဉ် အဖြစ် Leather ဆိုင်အကြီးကြီးဖွင့်ဖို့ ကြိုးစားနေတယ်လို့လည်းသိရပါတယ်။ လက်ရှိ leather တွေက ၁၆၀၀၀ ကနေ (၃) သိန်းခွဲ (၄) သိန်းစသဖြင့် အတန်းအစားအမျိုးမျိုးရှိတယ်လို့ ဆိုပါတယ်။

ဝါသနာကို အရင်းခံပြီး အလုပ်လုပ်မယ် ဆိုရင် အောင်မြင်ဖို့ chance က ပိုများတယ်။ အစ်မက အလုပ်လုပ်ရင် feeling ကို အဓိကထားလုပ်တယ်။ လူကိုလူလိုမြင်တယ်။ လုပ်တတ်ရင်အမှိုက်ကနေ ရွှေတောင်ဖြစ်နိုင်တယ်" လို့ဆိုပါတယ်။

အလုပ်လုပ်ရင် သူများနဲ့မတူ၊ သူများ လုပ်ပြီးသားကိုမလုပ်ချင်ဘူး။ Idea အသစ်အဆန်းတွေလုပ်ရတာကြိုက်တယ်။ ဒီလမ်းကြောင်းအတိုင်းသွားရင် ဒါဖြစ်မယ်ဆိုတာကို မလိုချင်ဘူး။ အဲ့ဒါကြောင့်လည်း hand made လုပ် ငန်းကိုလုပ်ဖြစ်ခဲ့တာပါ။ အခုနောက်ပိုင်းဆိုရင် customer တွေနဲ့ သူငယ်ချင်းလို ဖြစ်နေပါပြီ" တက်ကြွတဲ့အပြုံးတွေကို ပိုင်ဆိုင်ထားတဲ့ hand made လုပ်ငန်းရှင်လေးတွေ ပြောဆိုသွားပါတယ်။

■





စံ – ဇာဏီဘုံ ဟောစာတမ်း

၂၀၁၅ ဒီဇင်ဘာ (၂၁) ရက်နေ့မှ ၂၀၁၆ ဇန်နဝါရီ (၄) ရက်နေ့အထိ

တနင်္ဂနေနေ့မွေးသူများ

အရာရာအဆင်ပြေ၍အလိုပြည့်စုံမည်။စိတ်ကူးထားသည်များအပြည့်အဝအောင်မြင်မည်။အခက်အခဲများပြေလည်အောင်ဖြေရှင်းနိုင်မည်။မိသားစုစီးပွားနှင့် ပတ်သက်သောစိတ်ချမ်းမြေ့မှုများကောင်းသတင်းများကြုံမည်။ကိုယ်ပိုင်စိတ်ကူးနှင့် ရှေ့တိုးဆောင်ရွက်လိုက်သော ကိစ္စများမှထူးခြားသော တိုးတက်မှုများအဆင်သင့်ရရှိမည်။ အနီးအပါးတွင်မီးဖွားမှုကိစ္စများကြုံမည်။ထိုကဲ့သို့ကြုံပြီး ရက်ပိုင်းအတွင်း အလုပ်စီးပွားကိစ္စများ အဆင်ပြေမည်။ ဝင်ငွေတိုးတက်မည်။ လာဘ်လာဘပွင့်ပေါ်မည်။အဆင့်ဆင့်တိုးတက်သွားပါတယ်။ အကျိုးပေးဂဏန်း – ၁၊၃၊၅၊၇။ ယတြာ – ဆေးပုလင်း၊ဆေးဘူးအဟောင်းများရှာဖွေ၍စွန့်ပစ်ပါ။

တနလင်္ဂနေ့မွေးသူများ

အခွင့်အရေး (၂) မျိုး တစ်ပြိုင်တည်းပေါ်မည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။ ရပ်တန့်ထားသောကိစ္စများ ပြန်လည်စတင်ရမည်။လက်လွန်ထားသောငွေများပြန်ရမည်။အမှုပြဿနာရှိကအောင်နိုင်မည်။ဆုံးရှုံးထားသည်များကို ပြန်လည်ထေမိကာမိအောင် ဆောင်ရွက်နိုင်သောအနေအထားရှိသည်။ လျှို့ဝှက်ထားသောပြဿနာဟောင်းတစ်ခု ပေါ်ပေါက်လာပြီး အထင်လွဲမှားမှုနှင့် စိတ်သောကဖြစ်စရာများကြုံလတတ်သည်။ ကိုယ့်အပေါ်အနှောင့်အယှက်၊ ဒုက္ခပေးသူများဝန်းရံနေသည်။ အကျိုးပေးဂဏန်း – ၂၊၆၊၈၊၉။ ယတြာ – အမျိုးအစားမတူသော ယို(၉) မျိုးဘုရားကပ်လှူပါ။

အင်္ဂနေ့မွေးသူများ

ထူးခြားသောသတင်း (၂) ခုရရှိမည်။နေ့စဉ်နှင့်အမျှ မထင်မှတ်ထားသောကိစ္စများ တစ်မျိုးပြီးတစ်မျိုးဖြစ်နေမည်။ မူလစီစဉ်ထားသည်များ အလွဲလွဲ အချော်အချော်ဖြစ်မည်။ ဆိုင်းငံ့ရပ်တန့်နေရတတ်သည်။ မိတ်ဆွေကောင်းအကူအညီရမည်။ အရာရာအဆင်ပြေမည်။ အခက်အခဲများကိုကျော်ဖြတ်ပြီး စိတ်ချမ်းမြေ့ရမည်။ ခရီးကိစ္စ၊အပြောင်းအလဲကိစ္စများ ဆောင်ရွက်အကျိုးပေးလိမ့်မည်။ သူတစ်ပါးကြောင့် နှောင့်နေးနေသောကိစ္စများ အဆင်ပြေမည်။ ခြံ၊ ကား၊ အခန်းအလဲအလှယ် အပြောင်းအလဲများရှိမည်။ စီးပွားရေးကိစ္စများတွင် ငွေကြေးအမြှုပ်နှံ၍အကျိုးအမြတ်ရမည်။ အကျိုးပေးဂဏန်း – ၀၊၇၊၈၊၉။ ယတြာ – သံယာတော်တို့အား ပရဆေးနှင့်ဖော်စပ်ထားသောဆေးဝါးတို့ကိုလှူဒါန်းပါ။

ဗုဒ္ဓဟူးနေ့မွေးသူများ

ပိတ်ဆို့နေသောလမ်းကိုရွေး၍ ဖွတ်ရှေ့တိုးနေသည်။ တစ်ပါးသူကစေတနာနှင့် သတိပေးသည်ကိုပင် အလေးမထား။ ကိုယ်တိုင်ကိုကလည်း ဖြစ်နိုင်စွမ်းမရှိဟုသိလျက်ဖွတ်တိုးနေမည်။လိမ်ညာလှည့်ဖျားသူများနှင့်လည်းတွေ့တတ်သည်။ပြဿနာများပုံချရန်ကိုယ်လွတ်ရုန်းသူများနှင့်ကြုံမည်။အကျိုးမရှိသော ခရီးများ သွားရတတ်သည်။ စိတ်လိုက်မာန်ပါမတွက်မဆဘဲ လုပ်လိုက်သော ကိစ္စများဖြေရှင်းရမည်။ မည်မျှအဆင်ပြေစေ ရှိရင်းစွဲအနေအထားမှ ကူးပြောင်းလိုစိတ်များ လွှမ်းမိုးနေမည်။ ရင်းနှီးသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။ အကျိုးပေးဂဏန်း – ၁၊၃၊၅၊၆။ ယတြာ – ကြာဇံကြော်လှူဒါန်းခြင်း၊ ကိုယ်တိုင်စားသုံးခြင်းပြုပါ။

ကြာသပတေးနေ့မွေးသူများ

ပြောင်းလဲမှုနှင့် တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်လာမည်။ အကြီးအကဲ အထောက်အကူရမည်။ ရန်အတိုက်အခံများကို ကျော်လွှား၍ အလိုပြည့်ရမည်။ ကာလရှည်ကြာ ဆောင်ရွက်ထားသောကိစ္စမှ အကျိုးဖြစ်ထွန်းမည်။ ရသင့်ရထိုက်သော အခွင့်အလမ်းဟောင်းများကို လက်ဝယ်ပြန်လည်ရရှိမည်။ မိသားစု အလိုက်အလုပ်စီးပွားတိုးတက်မည်။ရည်ရွယ်ချက်များအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများ စကားပြောဆိုခြင်းများအောင်မြင်မည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ ငွေကြေးမြှုပ်နှံမှုများမှ အကျိုးကောင်းရမည်။ အပြောင်းအလဲနှင့် အညီတိုးတက်မှုများရရှိမည်။ အကျိုးပေးဂဏန်း – ၂၊ ၇၊ ၅၊ ၄။ ယတြာ – ရာဟုထောင့်တွင် ငွေထီးတစ်လက်လှူပါ။

သောကြာနေ့မွေးသူများ

ပြန်လည်ရရှိလိမ့်မည်ဟု လုံးဝဥဿုံမျှော်လင့်မထားသော ငွေကြေးပစ္စည်းများကို ပြန်လည်ရရှိခြင်း မိသားစုတွင် ကြုံမည်။ စိတ်ချမ်းမြေ့ဖွယ် သတင်းစကားများ ကြားသိကြုံတွေ့ရမည်။အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်။ မမျှော်လင့်ဘဲ အကြီးအကဲတစ်ဦးနှင့် တွေ့ရန် ထူးခြားသောတက်လမ်းရရှိမည်။ ဆွေမျိုးသားချင်းများ နှင့်ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်သည်။ အများကိစ္စ၊ အဖွဲ့အစည်းနှင့် ပတ်သက်သော ကိစ္စများ ဆောင်ရွက်အကျိုးပေးလိမ့်မည်။ အကျိုးပေးဂဏန်း – ၀၊ ၆၊ ၇၊ ၄။ ယတြာ – စနေနေ့တွင် အိမ်ဘုရားစင်၌ ရွှေကြည်၊ ဆန္ဒင်းမကင်းကပ်လှူပါ။

စနေနေ့မွေးသူများ

အရာရာအဆင်ပြေခြင်းနှင့်အလိုပြည့်စုံခြင်းတို့ကိုရရှိမည်။ အခက်အခဲအားလုံးကိုကျော်လွှားပြီးအဆင်မြင့်တိုးတက်မှုများရရှိမည်။ ငွေကြေးကိစ္စ လုပ်ငန်းကိစ္စများ အတွက် ပြောဆိုမှုများအောင်မြင်မည်။ ရပ်ဝေးနိုင်ငံခြားမှ ထူးခြားသော သတင်းကောင်းများ ရရှိမည်။ ဦးတည်ချက် ပြောင်း၍ ဆောင်ရွက်ခြင်းမှ အလိုပြည့်ခြင်း၊ ကံကောင်းခြင်းကြုံမည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ လုပ်ငန်းခွင်မှ သူများ အပြောင်းအလဲကြုံမည်။ လူသစ်များနှင့် ဆက်ဆံရမည်။ လူမျိုးကွဲ၊ ကပြားများနှင့် ပတ်သက်၍ငွေဝင်ကိန်းရှိသည်။မိသားစုလိုက်ခရီးသွားရမည်။ အကျိုးပေးဂဏန်း – ၂၊ ၈၊ ၉၊ ၇။ ယတြာ – သရက်ပင်ရှိသော ဘုန်းကြီးကျောင်းတွင် ဖရုံယိုလှူဒါန်းခြင်းပြုပါ။

ချမ်းမြေ့မတ္တာ တုန့်ပြန်ပါသည်။

စံ – ဇာဏီဘုံ

STRATEGY FIRST INSTITUTE rSwfuGufcJhJ

'Dif;omv 25&ufSef;0,&D (4)&ufae&Y xdkif;&Sif;opfu,lausmif;ydk;&uft jzpfowfrSwfxm;y,onf xkd;ufrsm;wifoifwefrsm;EdkifiHkydkifrnfjzpfyDef;0,&D (5)&ufae&Sif;oifwefrsm;tm;vkyfaeMuftwkd;jyefvnf zifrwfSOfom;rnfjzpfy,onfausmifom;?ausmifolrsm;tm;vkyfrnfEdkifiHopftcg,or,rSat;cs,rfom,mylDqwufxrfykd ;uD,m;atmif,rifuapzkd;qkawmif,farwåykd;tyf,onf

ကိုယ်လိုချင်တဲ့ အပြောင်းအလဲ ကိုယ်တိုင်ဦးဆောင်နဲ့

ဒီဇင်ဘာလ (၁၃) ရက်နေ့မှာ Strategy First Institute မှ ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း (၄၈၆) ဦးတို့က နံနက် (၆) နာရီမှ (၈) နာရီခွဲအထိ စုပေါင်းအမှိုက်ကောက်ပွဲအဖြစ် ပါဝင်လှုပ်ရှားခဲ့ပါတယ်။

"ကိုယ်လိုချင်တဲ့အပြောင်းအလဲ၊ ကိုယ်တိုင်ဦးဆောင်နဲ့" ဆိုတဲ့ဆောင်ပုဒ်နဲ့ဆင်တူအကျီမျိုးဝတ်ဆင်ကာ Strategy First ကျောင်း တည်နေရာ မြေနီကုန်း၊ ပန်းခြံတာဝါမှစကာ ပြည်လမ်း၊ ဓမ္မစေတီလမ်း၊ ဦးဝိစာရလမ်း တစ်လျှောက်၊ ရှင်စောပုလမ်း၊ ဗားဂရာလမ်း စသည့် လမ်းမများ၊ ပန်းခြံများ၊ လမ်းသွယ်များထဲကို အုပ်စု ၁၀ စုခွဲကာအမှိုက်များ ကောက်ယူသိမ်းဆည်းခဲ့ကြပါတယ်။ အမှိုက်များ အမှိုက်ကားတစ်စီစာ ရရှိခဲ့ပါတယ်။ ဒီလှုပ်ရှားမှုရဲ့ရည်ရွယ်ချက်ကိုလည်း Strategy First ရဲ့ MD ဖြစ်တဲ့ ဆရာဦးအောင်ချစ်ခင်က "အမှိုက်ကောက်ဖူးရင် အမှိုက်ချဖို့ ဝန်လေးတယ်။ ကိုယ်အမှတ်တမဲ့ လုပ်လိုက်တဲ့ ဟာက ဘယ်လောက်အထိ ရှင်းယူရလဲဆိုတာ နားလည်လာပါတယ်။ ကောင်းမွန်တဲ့ သမိုင်းဝင် အပြောင်းအလဲတွေကို ကိုယ်တိုင် ပါဝင်ကြဿိုလိုက်တာဖြစ်ပါတယ်။ ဒါအစစဲဖြစ်ပြီး အများအကျိုးကို ဒီထက်အများကြီး ပိုတာဝန်ယူနိုင်ကြဖို့လည်း မျှော်လင့်မိပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း အမှိုက်ကောက်ဖို့ နှိုးဆော်ကြပါ။ ဦးဆောင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

(၈.၁၂.၂၀၁၅) တုန်းကလည်း Strategy First မှရုံးဝန်းထမ်းများ၊ ဆရာ၊ ဆရာမအယောက် ၄၀ ကျော်က မြေနီကုန်းပတ်ဝန်းကျင်ကို နံနက် ၆ နာရီ ၃၀ မှာ နံနက် ၈ နာရီအချိန်အထိ စုပေါင်းအမှိုက်ကောက်ခဲ့ပါတယ်။

■